မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၂ ခုနှစ်၊ တပေါင်းလကွယ်နေ့၊ ၂၀၁၁ ခုနှစ်၊ ဧပြီ ၃ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ (၅၀)၊ အမှတ် (၁၈၅)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံရေးဗျူရို အမြဲတမ်းကော်မတီဝင်နှင့် တရုတ်ပြည်သူ့နိုင်ငံရေးအတိုင်ပင်ခံ ကွန်ဖရင့်၏ (၁၁)ကြိမ်မြောက် အမျိုးသားကော်မတီ ဥက္ကဋ္ဌ မစ္စတာကျာချင့်လင် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သို့ ချစ်ကြည်ရေးခရီးလည်ပတ်ရန် မန္တလေးမြို့သို့ ရောက်ရှိ

နေပြည်တော် ဧပြီ ၂

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီနိုင်ငံရေးဗျူရို အမြဲတမ်းကော်မတီဝင်နှင့် တရုတ်ပြည်သူ့နိုင်ငံရေးအတိုင်ပင်ခံ ကွန်ဖရင့်၏ (၁၁)ကြိမ်မြောက် အမျိုးသားကော်မတီဥက္ကဋ္ဌ မစ္စတာကျာချင့်လင် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သို့ ချစ်ကြည်ရေးခရီးလည်ပတ်ရန် ယနေ့ မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်တွင် မန္တလေးမြို့သို့ အထူးလေယာဉ်ဖြင့် ရောက်ရှိလာရာ မန္တလေးမြို့တော်ဝန်၊ စည်ပင်သာယာရေးရာဝန်ကြီးဌာန ဝန်ကြီး ဦးဖုန်းဇော်ဟန်၊ တိုင်းဒေသကြီး ပညာရေးနှင့် ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာဝင်းလှိုင်၊ ပြည်သူ့လွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီ အတွင်းရေးမှူး ဦးမောင်တိုး၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာလီကျွင်းဟွာ၊ မန္တလေးမြို့ တရုတ်ကောင်စစ်ဝန်ချုပ်ရုံး ကောင်စစ်ဝန်ချုပ် Mr. Tang Ying နှင့် တာဝန်ရှိသူများက မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

စာမျက်နှာ ၅ ကော်လံ ၁ ●

AIR KANBAWZA လေကြောင်းလိုင်း ရန်ကုန်-ညောင်ဦး-မန္တလေး-ဟဲဟိုး-ရန်ကုန် ဧပြီ ၂ ရက်မှ စတင်ပျံသန်း

ရန်ကုန် ဧပြီ ၂

AIR KANBAWZA လေကြောင်းလိုင်းဖွင့်ပွဲနှင့် ပြည်တွင်းလေကြောင်းခရီးစဉ် စတင်ပျံသန်းခြင်း အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ကျင်းပသည်။

အဆိုပါ AIR KANBAWZA လေကြောင်းလိုင်းသည် ခရီးသွားပြည်သူများအဆင်ပြေစေရန် ၂၀၁၁ ခုနှစ် ဧပြီ ၂ ရက်မှ စတင်၍ နေ့စဉ်နံနက် ၈ နာရီတွင် ရန်ကုန်-ညောင်ဦး-မန္တလေး-ဟဲဟိုး-ရန်ကုန် ခရီးစဉ်ကိုလည်းကောင်း၊ မွန်းလွဲ ၂ နာရီတွင် ရန်ကုန်-မြိတ်-ရန်ကုန် ခရီးစဉ်ကိုလည်းကောင်း အချိန်မှန် ပျံသန်းပြေးဆွဲလျက်ရှိကြောင်း သိရသည်။

ယနေ့စတင်ပြေးဆွဲသည့် AIR KANBAWZA လေကြောင်း၏ ရန်ကုန်-ညောင်ဦး-မန္တလေး-ဟဲဟိုး-ရန်ကုန် ခရီးစဉ်တွင် ခရီးသည် ၆၀ လိုက်ပါသွားကြသည်။ **(အောက်ပုံ)** **(သတင်းစဉ်)**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံရေးဗျူရို အမြဲတမ်းကော်မတီဝင်နှင့် တရုတ်ပြည်သူ့နိုင်ငံရေးအတိုင်ပင်ခံ ကွန်ဖရင့်၏ (၁၁)ကြိမ်မြောက် အမျိုးသားကော်မတီဥက္ကဋ္ဌ မစ္စတာကျာချင့်လင်နှင့် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့်တို့ မန္တလေးမြို့ ဆီဒိုးနားဟိုတယ်ဧည့်ခန်းမ၌ တွေ့ဆုံကြစဉ်။ (သတင်းစဉ်)

လျှပ်စစ်ဘေးဒဏ်သင့် ပြည်သူများအား အလှူငွေများ ပေးအပ်လှူဒါန်း

ရန်ကုန် ဧပြီ ၂

တာချီလိတ်ခရိုင် တာလေမြို့နယ်ခွဲ လျှပ်စစ်ဘေးဒဏ်သင့် ပြည်သူများအတွက် အလှူငွေ ပေးအပ်လှူဒါန်းပွဲကို ဧပြီ ၁ ရက် နံနက်ပိုင်းက သန်လျင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးမိုးခိုင်ထွန်းက အမှာစကားပြောကြားသည်။

စာမျက်နှာ ၅ ကော်လံ ၁ ❖

အမြို့မြို့အနယ်နယ်၌ စာကြည့်တိုက်များဖွင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်း

နေပြည်တော် ဧပြီ ၂

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် ငါန်းဇွန်မြို့နယ် နတ်စိမ်းကျေးရွာ ပညာ့အလင်း ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲ၊ စာအုပ်စာစောင်နှင့် အလှူငွေများပေးအပ်လှူဒါန်းပွဲကို မတ် ၁၉ ရက် နံနက် ၉ နာရီက အဆိုပါစာကြည့်တိုက်အဆောက်အအုံရှေ့၌ကျင်းပရာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မြဝင်းကြည်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးသက်နိုင်နှင့် ကျေးရွာရပ်မိရပ်ဖ ဦးစိန်မြင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

စာမျက်နှာ ၇ ကော်လံ ၁ ✻

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၁၁ ခုနှစ် ဧပြီ ၃ ရက်)

ကူးစက်ရောဂါမဖြစ်ပွားရေး ကြိုတင်ကာကွယ်

ကျန်းမာခြင်းသည် လူတိုင်းအတွက် လိုအပ်ချက်ဖြစ်သည်။ အာရောဂျံ ပရမံလာဘံ ဆိုစကားအရ ကျန်းမာခြင်းသည် လာဘ်ကြီးတစ်ပါးဖြစ်သည်။ ကျန်းမာပါမှ စိတ်ချမ်းသာခြင်းကို ရရှိမည်ဖြစ်သည်။

ယခုအချိန်ကာလသည် အချိန်အခါမဲ့ မိုးရွာသွန်းမှုကြောင့် ကျန်းမာရေးကို အထူးဂရုစိုက်ကြရမည်ဖြစ်သည်။ အထူးသဖြင့် ကူးစက်ရောဂါတစ်မျိုးဖြစ်သည့် ဝမ်းပျက် ဝမ်းလျှောရောဂါသည် ရာသီမရွေး၊ ဒေသမရွေး၊ အသက်အရွယ်မရွေး ဖြစ်ပွားနိုင်သဖြင့် ပတ်ဝန်းကျင်သန့်ရှင်းမှု၊ တစ်ကိုယ်ရေသန့်ရှင်းမှုရှိရန်အတွက် ဆောင်ရွက်ထားကြရမည်ဖြစ်သည်။

အထူးသဖြင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုနှင့် သောက်သုံးရေညစ်ညမ်းမှုများကြောင့် ဝမ်းပျက် ဝမ်းလျှောရောဂါပိုမိုဖြစ်ပွားလေ့ရှိသည်။ ယင်းရောဂါသည် ယင်ကောင်မှတစ်ဆင့်လည်းကောင်း၊ မသန့်ရှင်းသောရေနှင့် အစားအစာများမှလည်းကောင်း၊ မသန့်ရှင်းသောလက်မှလည်းကောင်း ကူးစက်ခြင်းဖြစ်သည်။

ပတ်ဝန်းကျင်ညစ်ညမ်းမှုကြောင့် ခြင်နှင့်ယင်များပေါများပြီး ရောဂါဖြစ်ပွားမှုကို လွယ်ကူစေသည်။ သောက်သုံးသည့် ရေကို ကျိုချက်ပြီးသောက်ပါက ရောဂါဖြစ်ပွားမှုကို အကာအကွယ်ဖြစ်စေပြီး သန့်ရှင်းသောရေဖြင့်သာ အစားအသောက်များကို ဆေးကြောခြင်း၊ ချက်ပြုတ်ခြင်းတို့ကို ပြုလုပ်သင့်ပေသည်။ အများအသုံးပြုနေသည့် ရေတွင်း၊ ရေကန်၊ အဝီစိတွင်းနှင့် တုံကင်တို့၏အတွင်းသို့ ပြင်ပမှ ရေစိမ့်ဝင်ခြင်းများ၊ အမှိုက်၊ ကျွဲနွားတိရစ္ဆာန်များနှင့် ထိတွေ့မှုမရှိစေရန် အကာအကွယ်ပြုထားရမည်ဖြစ်သည်။

အစားအစာနှင့်စပ်လျဉ်း၍ ယင်၊ ပိုးဟပ်၊ အိမ်မြှောင်နှင့် ဖုန်မှုန့်များ မဝင်ရောက်နိုင်ရန် အကာအကွယ်ပြုထားရမည်ဖြစ်သည်။ အမှည့်လွန်အသီးများစားခြင်းမှ ရှောင်ကြဉ်ရမည်ဖြစ်ပြီး လတ်ဆတ်သောအသီးအရွက်နှင့် သားငါးများကိုသာ စားသုံးကြရမည်ဖြစ်သည်။

ဝမ်းပျက် ဝမ်းလျှောရောဂါမဖြစ်ပွားရန်အတွက် အိမ်သာအသုံးပြုမှုသည်လည်း အရေးကြီးပြီး သန့်ရှင်းသပ်ရပ်စွာ အသုံးပြုကြရမည်ဖြစ်သည်။ ယင်လုံအိမ်သာများကို ရေတွင်း ရေကန်များနှင့် ပေ ၅၀ အကွာနိမ့်သည့် အရပ်များတွင် ဆောက်လုပ်ပြီး အသုံးပြုကြရမည်ဖြစ်သည်။

ပြည်သူတိုင်းသည် ရောဂါမဖြစ်ပွားရေးအတွက် ကြိုတင်ကာကွယ်မှုများဖြင့် ကျင့်ကြံနေထိုင်ကြရမည်ဖြစ်ပြီး ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် သတိပေးနှိုးဆော်ချက်များကို အလေးထားလိုက်နာဆောင်ရွက်ကြပါက ကျန်းမာကြံ့ခိုင်သော မိသားစုဘဝကို ရရှိကြမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

(၆၆)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနား

တိုင်းမှူး ဗိုလ်မှူးချုပ်ဇေယျာအောင် တက်ရောက်

နေပြည်တော် ဧပြီ ၂

မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် (၆၆)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားကို မတ် ၂၇ရက် နံနက်ပိုင်းက တိုင်းစစ်ဌာနချုပ် စစ်ရေးပြကွင်း၌ကျင်းပရာ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဇေယျာအောင်နှင့် စစ်ရေးပြတပ်ခွဲများက နိုင်ငံတော်အလံအား အလေးပြုခြင်း၊ ကျဆုံးလေပြီးသော တပ်မတော်သားများအား အလေးပြုခြင်းနှင့် သစ္စာအဓိဋ္ဌာန်လေးချက်ရွတ်ဆိုခြင်းများကို ဆောင်ရွက်ကာ တိုင်းမှူးက (၆၆)နှစ်မြောက် တပ်မတော်နေ့ အမှာစကားပြောကြားသည်။

ပေးအပ်ချီးမြှင့်

ဆက်လက်၍ တပ်နယ်ခန်းမ၌ကျင်းပသော (၆၆)နှစ်မြောက် တပ်မတော်နေ့ ဆုချီးမြှင့်ခြင်းအခမ်းအနားသို့ တက်ရောက်ပြီး တိုင်းမှူးနှင့်တာဝန်ရှိသူများက (၆၆)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ်ပြိုင်ပွဲများတွင် ဆုရရှိကြသည့် အရာရှိ၊ စစ်သည်မိသားစုဝင်များအား ဆုများပေးအပ်ချီးမြှင့်ကြသည်။

ညပိုင်းတွင် တပ်မတော်နေ့ ဂုဏ်ပြုညစာစားပွဲကို မလိခရိပ်သာ မြက်ခင်းပြင်၌ကျင်းပခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

(၆၆)နှစ်မြောက် တပ်မတော်နေ့ကိုဂုဏ်ပြုသောအားဖြင့် သရက်မြို့နယ် သာယာကုန်းကျေးရွာ စက်ရေတွင်းဖွင့်ပွဲကို မတ် ၂၂ ရက်ကကျင်းပရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမြလင်း၊ ရပ်မိရပ်ဖ ဦးမြင့်လွင်နှင့် တာဝန်ရှိသူတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (ခရိုင် ပြန်/ဆက်)

အကြိုအခြေခံမီးသတ်သင်တန်း(၁/၂၀၁၁)ဆင်းပွဲ

ရွှေပြည်သာမြို့နယ်၌ ကျင်းပ

ရန်ကုန် ဧပြီ ၂

ရွှေပြည်သာမြို့နယ် မြန်မာ့သစ်လုပ်ငန်း အခြေခံစက်မှုလုပ်ငန်းဌာန အမှတ်(၆/၇/၉) ပရိဘောဂစက်ရုံများ အကြို အခြေခံမီးသတ်သင်တန်း (၁/၂၀၁၁)ဆင်းပွဲကို ဧပြီ ၁ရက် နံနက် ၉ နာရီက အမှတ် (၉) ပရိဘောဂစက်ရုံ ခန်းမ၌ကျင်းပရာ အဆိုပါအခမ်းအနားသို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးညီညီအောင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး အေးမောင်၊ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးမျိုးမြင့်အောင်၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် စက်ရုံဝန်ထမ်းများ တက်ရောက်ကြသည်။ **(အပေါ်ယာပုံ)**

သရုပ်ပြမီးငြိမ်းသတ်

အခမ်းအနားတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးနှင့် အမှတ်(၆/၇/၉) ပရိဘောဂစက်ရုံများကိုယ်စား တာဝန်ခံမန်နေဂျာ ဦးမျိုးလွင်တို့က အမှာစကားပြောကြားပြီးနောက် သင်တန်းသားများက လက်တွေ့သရုပ်ပြ မီးငြိမ်းသတ်ခဲ့ကြကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

ပင်းတယမြို့နယ် စည်ပင်သာယာရေးအဖွဲ့က အလကလမ်း ကတ္တရာခင်းခြင်းနှင့် ကွန်ကရစ်တံတားတည်ဆောက်ခြင်းလုပ်ငန်းကို မတ် ၂၁ ရက်က ဆောင်ရွက်ရာ အမှုဆောင်အရာရှိ ဦးတင့်ဝေနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးနိုင်ဝင်းအောင်တို့ ကွင်းဆင်းကြီးကြပ်နေစဉ်။ (မြို့နယ်စည်ပင်)

မီး
အစဉ်သတိပြု

သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲ ကျင်းပမည်

ရန်ကုန် ဧပြီ ၂

မွန်စာပေနှင့် ယဉ်ကျေးမှုကော်မတီ (ရန်ကုန်)က ကြီးမှူး၍ (၃၈)ကြိမ်မြောက် အသက်(၇၅)နှစ်နှင့်အထက် အဘိုးအဘွားများအား သက်ကြီးပူဇော်ပွဲနှင့် ၂၀၁၀ခုနှစ်တွင် တက္ကသိုလ်ဝင်တန်း၌ ဂုဏ်ထူးဖြင့်အောင်မြင်ကြသော ကျောင်းသား ကျောင်းသူများအား ဆဋ္ဌမအကြိမ်မြောက် ဂုဏ်ပြုချီးမြှင့်ပွဲကို (၁၃၇၃ ခုနှစ်၊ မြန်မာနှစ်ဆန်းတစ်ရက်) ဧပြီ ၁၇ ရက်(တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ရွှေတိဂုံဘုရားလမ်းရှိ မွန်ဓမ္မာရုံနှင့် မွန်ပိဋကတ်တိုက်၌ ကျင်းပမည်ဖြစ်ရာ နှစ်ဆန်းတစ်ရက်တွင် နံနက် ၇ နာရီမှစ၍ တက်ရောက်လာသော ဧည့်ပရိသတ်များအား မွန်ရိုးရာ သင်္ကြန်ထမင်းဖြင့် ဧည့်ခံကျွေးမွေးမည်ဖြစ်သည်။ ၂၀၁၀ခုနှစ် တက္ကသိုလ်ဝင်တန်း၌ ဂုဏ်ထူးဖြင့် အောင်မြင်ကြသော ကျောင်းသား ကျောင်းသူများနှင့် အသက်(၇၅)နှစ်နှင့်အထက် သက်ကြီးများ စာရင်းပေးသွင်းနိုင်ရန်နှင့် အလှူငွေကို နိုင်မင်းသောင်းသျှင် ဥက္ကဋ္ဌ ဖုန်း-၀၁-၄၀၀၃၄၆၊ ၀၉-၇၃၁၀၈၂၁၄၊ နိုင်ဖေတင် ဒုတိယဥက္ကဋ္ဌ(၁) ဖုန်း-၀၁-၅၆၂၅၄၆၊ ၀၉-၅၁၉၇၇၃၃၊ မိနီလာခင် အတွင်းရေးမှူး ဖုန်း-၀၁-၅၇၉၄၅၇၊ ၀၉-၅၁၄၉၉၅၄၊ မိကွန်ချစ်ချစ် ဘဏ္ဍာရေးမှူး ဖုန်း-၀၁-၅၅၄၈၂၆ နှင့် မွန်ဓမ္မာရုံ ဖုန်း-၀၁-၃၇၅၅၉၀ တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။

(မြန်မာ့အလင်း)

ရေချိုင့်ငါးပေါက်များ

မောင်တောချောင်းအတွင်း လွှတ်ပွဲကျင်းပ

မောင်တော ဧပြီ ၂

ငါးသယံဇာတ ထိန်းသိမ်းရေးဆောင်ရွက်မှုအနေဖြင့် မောင်တောခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှကြီးမှူး၍ ရေချိုင့်ငါးပေါက်လွှတ်ပွဲကို မတ် ၁၈ ရက်က မောင်တောမြို့နယ်၌ကျင်းပရာ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးကျော်စိုး၊ ငါးလုပ်ငန်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်မျိုးဝင်း၊ ရခိုင်ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးမျိုးအောင်၊ ခရိုင်နှင့်မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ ခရိုင်နှင့်မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ရေလုပ်ငန်းရှင်များ၊ လူမှုရေးအသင်းအဖွဲ့များမှ ပုဂ္ဂိုလ်များ၊ လုပ်ငန်းရှင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် မောင်တောခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးမြင့်ရွှေက ရေချိုင့်ငါးပေါက်လွှတ်ရခြင်းနှင့် စပ်လျဉ်း၍ရှင်းလင်းပြောကြားပြီး ရေချိုင့်ငါးပေါက် ၁ဒသမ၅သိန်းကျော်အား မောင်တောချောင်း သဘာဝရေပြင်အတွင်းသို့ လွှတ်ပေးခဲ့ကြောင်း သိရှိရသည်။**(အောက်ပုံ)(ခရိုင် ပြန်/ဆက်)**

3-4 (02).pmd 1 4/3/2011, 3:42 AM

မျက်မှောက်ကာလ၌ နည်းပညာနှင့် ဓနအင်အားသာလွန်သည့် နိုင်ငံကြီးများက မီဒီယာမျိုးစုံအသုံးပြုပြီး ဖွံ့ဖြိုးဆဲနိုင်ငံများအပေါ် ဘက်ပေါင်းစုံကလွှမ်းမိုးလျက်ရှိ

မိမိတို့၏ ရိုးရာဓလေ့စရိုက်များ၊ အမျိုးသားရေးလက္ခဏာများပပျောက်မသွားရအောင် မီဒီယာအသိ၊ မီဒီယာသတိဖြင့် နိုင်ငံတော်နှင့်ပြည်သူအား အကာအကွယ်ပေး

ရန်ကုန် ဧပြီ ၂

မြဝတီရုပ်မြင်သံကြား (၁၆)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားနှင့် မြဝတီစာပေတိုက် ၂၀၁၀ ပြည့်နှစ် မြဝတီ၊ ငွေတာရီမဂ္ဂဇင်းနှစ်ပတ်လည် အကောင်းဆုံးစာမူဆု၊ မြဝတီရောင်စုံဓာတ်ပုံပြိုင်ပွဲဆုများ ချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့ ညနေ ၆ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့ရှိ မြဝတီရုပ်မြင်သံကြား၌ ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်တင်ငွေ တက်ရောက်ပြီး ဆုများချီးမြှင့်သည်။

ရန်၊ ဖျော်ဖြေပေးရန်၊ ပညာပေးရန်ဆိုသည့် ရည်ရွယ်ချက်များနှင့်အညီ ပြည်သူလူထုအား ကဏ္ဍပေါင်းစုံဖြင့် ဖျော်ဖြေတင်ဆက်ပေးနိုင်ခဲ့ပြီး မိမိတို့နိုင်ငံ၌ အထင်ကရ မီဒီယာကြီးတစ်ခုအဖြစ် ရပ်တည်ရှင်သန်နေသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း၊ ယင်းသို့ အောင်မြင်စွာ ရှင်သန်ရပ်တည်နိုင်ခြင်းသည် ပြည်သူအများ၏ လက်ခံအားပေးမှုနှင့်အတူ ရုပ်ရှင်၊ စာပေ၊ ဂီတ၊ ဓာတ်ပုံ၊ အနုပညာရှင်ကြီးများနှင့် ပုဂ္ဂလိကမီဒီယာများ၏ ပူးပေါင်းဆောင်ရွက်မှု၊ မြဝတီရုပ်မြင်သံကြား၌ တာဝန်ထမ်းဆောင်နေကြသည့် စစ်သည်/

မီဒီယာလုပ်ငန်းများအနက် ရုပ်မြင်သံကြားနှင့် စာနယ်ဇင်းတို့သည် ပြည်သူလူထုအတွက် သတင်းပြန်ကြားပေးမှု၊ ဖျော်ဖြေပေးမှုနှင့် ပညာပေးမှုများကို အများဆုံး ဆောင်ရွက်ပေးနိုင်သည့် လူထုဆက်သွယ်ရေး လုပ်ငန်းများပင်ဖြစ်ကြောင်း၊ မြဝတီရုပ်မြင်သံကြားအနေဖြင့် နိုင်ငံတော်၏ ပကတိဖွံ့ဖြိုးတိုးတက်မှုများနှင့် ဖြစ်ပေါ်နေမှုအခြေအနေမှန်များကို အချိန်နှင့်တစ်ပြေးညီ ထုတ်လွှင့်ပြသနိုင်ခဲ့ပြီး ပြည်သူအများ အပန်းဖြေပျော်ရွှင်နိုင်ရန်အတွက် ကဏ္ဍပေါင်းစုံကနေ စုံလင်စွာထုတ်လွှင့်ပေးနိုင်ခဲ့ခြင်းများကြောင့် ပြည်သူအများ

ပေးအပ် ချီးမြှင့်

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်တင်ငွေ အကောင်းဆုံး အစီအစဉ်မှူး ဆုရရှိသူ ဒုတိယအရာခံဗိုလ် (အစားခန့်)ခင်သန္တာစိုးအား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

စစ်ရေးချုပ် ဗိုလ်ချုပ်ခင်ဇော်ဦး (၆၆) နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုဇာတ်လမ်းဖြစ်သော "တုနှိုင်းမဲ့ သစ္စာ" ဇာတ်လမ်းတွင် ပါဝင်ကူညီဆောင်ရွက်ခဲ့ကြသော အမျိုးသားသရုပ်ဆောင်များကိုယ်စား အကယ်ဒမီ ဦးနေအောင်အား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

အခမ်းအနားသို့ စစ်ရေးချုပ် ဗိုလ်ချုပ်ခင်ဇော်ဦး၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းသန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့၊ မြန်မာနိုင်ငံဓာတ်ပုံအသင်း၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံဂီတအစည်းအရုံးတို့မှ တာဝန်ရှိသူများ၊ မြဝတီရုပ်မြင်သံကြားမှ စစ်သည်/ဝန်ထမ်းများ၊ ဆုရရှိကြသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ စစ်ရေးချုပ် ဗိုလ်ချုပ်ခင်ဇော်ဦးက ဂုဏ်ပြုအမှာစကားပြောကြားရာတွင် ယနေ့သည် ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်ရှိ မြဝတီရုပ်မြင်သံကြား၏ (၁၆)နှစ်မြောက်နှစ်ပတ်လည်နေ့ အခမ်းအနားနှင့်အတူ မြဝတီစာပေတိုက်၏ မြဝတီမဂ္ဂဇင်း၊ ငွေတာရီမဂ္ဂဇင်းတို့မှ အကောင်းဆုံး ကဗျာ၊ ကာတွန်း၊ ဆောင်းပါး၊ ဝတ္ထုတို၊ ဝတ္ထုရှည်နှင့် မြဝတီနှစ်ပတ်လည်ရောင်စုံဓာတ်ပုံပြိုင်ပွဲ ဆုရပညာရှင်များအား လေးစားစွာ ချီးမြှင့်ဂုဏ်ပြုသည့် အခမ်းအနားပင်ဖြစ်ကြောင်း။

ကြိုးစားအားထုတ်

မြဝတီရုပ်မြင်သံကြားကို ၁၉၉၅ ခုနှစ်၊ မတ်လ ၂၇ ရက် နှစ်(၅၀)ပြည့် ရွှေရတုတပ်မတော်နေ့တွင် စတင်ထုတ်လွှင့်ခဲ့ရာ ယခုဆိုလျှင် (၁၆)နှစ်ပြည့်မြောက်ခဲ့ပြီးဖြစ်ကြောင်း၊ မြဝတီရုပ်မြင်သံကြားသည် စတင်ထုတ်လွှင့်ချိန်မှ ယနေ့အချိန်အထိ ပြန်ကြားပေး

ဝန်ထမ်းများ၏ ကြိုးစားအားထုတ်ဆောင်ရွက်မှုတို့ကြောင့်ဖြစ်ကြောင်း။

မျက်မှောက်ကာလတွင် သိပ္ပံနှင့်နည်းပညာများ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာမှုများကြောင့် နည်းပညာနှင့် ဓနအင်အားသာလွန်သည့် နိုင်ငံကြီးများက မီဒီယာမျိုးစုံအသုံးပြုပြီး ဖွံ့ဖြိုးဆဲနိုင်ငံများအပေါ် ဘက်ပေါင်းစုံကနေ လွှမ်းမိုးလျက်ရှိခြင်းကြောင့် မိမိတို့၏ တိုင်းရင်းသားရိုးရာဓလေ့များ၊ စရိုက်များ၊ ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ ပပျောက်မသွားရအောင် မီဒီယာအသိ၊ မီဒီယာသတိဖြင့် နိုင်ငံတော်နှင့် ပြည်သူအား အကာအကွယ်ပေးသွားရမည်ဖြစ်ကြောင်း။

ပူးပေါင်းဆောင်ရွက်

ဤနေရာတွင် ဆက်လက်ပြောကြားလိုသည်မှာ မိမိတို့နိုင်ငံ၌ မီဒီယာ၏ လိုအပ်ချက်အရ တိုးချဲ့မြဝတီရုပ်မြင်သံကြားရုပ်သံလိုင်းအသစ်ကို နေပြည်တော်မှနေ DIGITAL စနစ်အသုံးပြုပြီး CHANNEL ခြောက်ခုဖြင့် တစ်နိုင်ငံလုံးကို မကြာခင်ကာလတွင် ထုတ်လွှင့်ပေးသွားမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ရုပ်ရှင်၊ စာပေ၊ ဂီတ၊ ဓာတ်ပုံ၊ အနုပညာရှင်ကြီးများနှင့် ပုဂ္ဂလိက မီဒီယာများအနေဖြင့်လည်း မြဝတီရုပ်မြင်သံကြား လိုင်းသစ်ကို အောင်မြင်စွာ ထုတ်လွှင့်ပြသသွားနိုင်ရေးအတွက် အားလုံးက ဝိုင်းဝန်းကူညီ ပူးပေါင်း ဆောင်ရွက်ပေးကြစေလိုကြောင်းဖြင့် တိုက်တွန်းပြောကြားလိုကြောင်း။

၏ ချစ်ခင်နှစ်သက်အားပေးမှုကို ရရှိနေသည်ကိုလည်း တွေ့ရမည်ဖြစ်ကြောင်း၊ ထို့အပြင် ယခုထုတ်လွှင့်နေသည့် ANALOGUE စနစ်မှနေ DIGITAL စနစ်သို့ ကူးပြောင်းထုတ်လွှင့်နိုင်ရေးအတွက်ကိုလည်း တစ်ဆင့်ပြီးတစ်ဆင့် ကြိုးစားဆောင်ရွက်လျက်ရှိကြောင်း။

စေ့ဆော်ပေး

စာပေစွမ်းပကားသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံသူ၊ နိုင်ငံသားများ၏ အသိဉာဏ်ပညာ၊ ဗဟုသုတပြည့်စုံကြွယ်ဝမှု၊ အတွေးအခေါ်၊ အမြော်အမြင်၊ ဆင်ခြင်တုံတရား စူးရှထက်သန်မှု၊ ကိုယ်ရည်ကိုယ်သွေးထက်မြက်မြင့်မားမှုတို့ကို ဖြည့်ဆည်းပေးရာ၌ လည်းကောင်း၊ အမျိုးသားရေးစိတ်ဓာတ်၊ ဝံသာနုရက္ခိတစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်တို့ကို စေ့ဆော်ပေးရာ၌ပါ အလွန်ပင်ဩဇာအရှိန်အဝါ ကြီးမားသည်ကို တွေ့ရမည်ဖြစ်ကြောင်း။

မြဝတီစာပေတိုက်၏ သက်တမ်းသည် ယနေ့အချိန်တွင် (၅၈) နှစ်ကျော်လွန်ခဲ့ပြီဖြစ်သကဲ့သို့ မြဝတီမဂ္ဂဇင်း၏သက်တမ်းသည်လည်း (၅၈) နှစ်နှင့် ငွေတာရီမဂ္ဂဇင်းသည်လည်း နှစ် (၅၀) ကျော်လွန်လာခဲ့ပြီဖြစ်ကြောင်း၊ ယင်းမဂ္ဂဇင်းနှစ်စောင်သည် မြန်မာစာပေလောက၌ သက်တမ်းရင့် ဂုဏ်သိက္ခာရှိသည့် မဂ္ဂဇင်းနှစ်စောင်အဖြစ် ရှင်သန်ရပ်တည်နေဆဲပင်ဖြစ်ကြောင်း၊ တစ်နည်းအားဖြင့် မြန်မာစာပေလောကအတွက် ဦးဆောင်ဦးရွက်ပြုခဲ့သူ ကလောင်ရှင်အများအပြားကို မွေးထုတ်ပေးခဲ့သည့် မဂ္ဂဇင်းကြီးများလည်း ဖြစ်သည်ကို တွေ့ရမည်ဖြစ်ကြောင်း။

မြဝတီနှင့် ငွေတာရီမဂ္ဂဇင်း နှစ်စောင်သည် မြန်မာစာပေလောကလိုအပ်ချက်များကို အစဉ်သဖြင့် ဖြည့်ဆည်းပေးရုံသာမက မြင့်မားသည့် စာပေရည်မှန်းချက်များ ထားရှိကာ စာပေပြိုင်ပွဲများကိုလည်း အစဉ်အလာအားဖြင့် ကျင်းပပေးခဲ့ကြောင်း၊ ယင်းသို့ ကျင်းပရာ၌ ၂၀၀၂ ခုနှစ်မှစပြီး ယခင်ကကဲ့သို့ ပြိုင်ပွဲတသီးတခြား မကျင်းပတော့ဘဲ မြဝတီနှင့်ငွေတာရီ ထုတ်ဝေမှု တစ်နှစ်တာကာလအတွင်း ရွေးချယ်ဖော်ပြခံရသည့် စာမူများထဲမှ အကောင်းဆုံးစာမူများကို ရွေးချယ်ပြီး ဆုပေးသည့်စနစ်ကို ကျင်းပခဲ့သည်မှာ ယခုအခါ (၁၀)နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်ကြောင်း။

ဂုဏ်ပြု

တစ်ဆက်တည်းမှာပင် မြဝတီရုပ်မြင်သံကြား၌ တစ်နှစ်တာကာလအတွင်း မိမိတို့၏ လုပ်ငန်းတာဝန်များကို ထူးချွန်စွာထမ်းဆောင်ခဲ့ကြသည့် စစ်သည်/ဝန်ထမ်းများကိုလည်း ဂုဏ်ပြုဆုများ ချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း၊ ထို့အပြင် ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးကွပ်ကဲမှုအောက်ရှိ တပ်/ကျောင်းများမှ နိုင်ငံတော်အဆင့်ပြိုင်ပွဲများ၌ ဆုရရှိကြသည့် အရာရှိ၊ စစ်သည်၊ ဝန်ထမ်းများကိုလည်း ဆုချီးမြှင့်ပေးသွားမည်ဖြစ်သည့်အပြင် မြဝတီရုပ်မြင်သံကြားနှင့် မြဝတီစာပေတိုက်တို့အပေါ်၌ အဘက်ဘက်မှ ပံ့ပိုးကူညီခဲ့ကြသည့် အသိပညာရှင်၊ အတတ်ပညာရှင်များကိုပါ ဂုဏ်ပြုသွားမည်ဖြစ်သည့်အတွက် မင်္ဂလာအပေါင်းနှင့် ပြည့်စုံသည့် အခမ်းအနားလည်း ဖြစ်ကြောင်း။

နိဂုံးချုပ်အနေဖြင့်ပြောကြားလိုသည်မှာ မြဝတီရုပ်မြင်သံကြားနှင့် မြဝတီစာပေတိုက်တို့သည်-

- ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကို နိုင်ငံတကာအလယ်၌ အမျိုးသားရေး ဂုဏ်သိက္ခာ တင့်တယ် မြင့်မားစွာဖြင့် ဝင့်ဝင့်ကြွားကြွား ရပ်တည်နိုင်စေရေးအတွက် အမျိုးသားရေးစွမ်းအားစု အစစ်အမှန်ဖြစ်သည့် နိုင်ငံသူ၊ နိုင်ငံသားများ၏ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုနှင့် တက္ကအမျိုးသားရေးစိတ်ဓာတ် ကိုယ်ခံစွမ်းအားများ တိုးပွားခိုင်ခံ့စေရေးအတွက် မီဒီယာစွမ်းပကားဖြင့် ကြိုးပမ်းဆောင်ရွက်ပေးကြပါ။
- လုပ်ငန်းများ ဆောင်ရွက်သည့်အခါ၌လည်း အားနည်းချက်၊ ချို့ယွင်းချက် မရှိအောင် အမြဲသုံးသပ် စိစစ်ဆောင်ရွက်ပြီး ခေတ်နှင့်အညီ ပြောင်းလဲနေသည့် မီဒီယာလုပ်ငန်းများကိုလည်း အမြဲလေ့လာနေကြပါ။
- အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်ကြီးကို လက်တွေ့ကျကျ ဖော်ဆောင်နေချိန်တွင် မီဒီယာစွမ်းပကားဖြင့် ပံ့ပိုးစွမ်းဆောင်ပေးကြပါဟု တိုက်တွန်း ပြောကြားရင်း နိဂုံးချုပ်အပ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်တင်ငွေက အကောင်းဆုံး အစီအစဉ်မှူးဆုရရှိသူ ဒုတိယအရာခံဗိုလ်(အစားခန့်) ခင်သန္တာစိုး၊ အကောင်းဆုံး ကင်မရာရိုက်ကူးသူဆုရရှိသူ အရာခံဗိုလ်ကျော်ဆန်းထွန်းနှင့် ဒုတိယအရာခံဗိုလ်(အစားခန့်)အေးမင်းထွန်း၊ အကောင်းဆုံးထုတ်လုပ်ရေးမှူးဆုရရှိသူ အရာခံဗိုလ်တင်မောင်ညွန့်နှင့် တပ်ကြပ်ကြီး(အစားခန့်) နှင်းအိဝင့်တို့ကို ဆုများပေးအပ်ချီးမြှင့်သည်။

ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းသန်း အကောင်းဆုံး ဘာသာပြန်ဆုရရှိသူ တပ်ကြပ်ကြီး(အစားခန့်) ရီတာထွန်းမြင့်အား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

ဆုများချီးမြှင့်

ဆက်လက်၍ စစ်ရေးချုပ် ဗိုလ်ချုပ်ခင်ဇော်ဦးက အကောင်းဆုံး သတင်းကြေညာသူဆုရရှိသူ ဒုတိယအရာခံဗိုလ်(အစားခန့်) ဝင်းပပနွယ်၊ အကောင်းဆုံး ကွန်ပျူတာပြုလုပ်မှုဆုရရှိသူ တပ်ကြပ်ကြီး(အစားခန့်) ယဉ်မျိုးခိုင်၊ (၆၆)နှစ်မြောက်တပ်မတော်နေ့ဂုဏ်ပြုဇာတ်လမ်းဖြစ်သော **"တုနှိုင်းမဲ့သစ္စာ"** ဇာတ်လမ်းတွင် ပါဝင်ကူညီဆောင်ရွက်ခဲ့ကြသော ရိုက်ကူးရေးအဖွဲ့ကိုယ်စား တွဲဖက် ဇာတ်ညွှန်းရေးသားသူ ချမ်းမင်းအိမ်၊ အမျိုးသားသရုပ်ဆောင်များကိုယ်စား အကယ်ဒမီ ဦးနေအောင်နှင့် အမျိုးသမီးသရုပ်ဆောင်များကိုယ်စား အကယ်ဒမီ မေသဉ္ဇာဦးတို့အား ဆုများပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းသန်းက အကောင်းဆုံး ဘာသာပြန်ဆုရရှိသူ တပ်ကြပ်ကြီး(အစားခန့်)ရီတာထွန်းမြင့်၊ အကောင်းဆုံး တည်းဖြတ်ဆုရရှိသူ အရာခံဗိုလ်(အစားခန့်)အိအိခင်နှင့် ဒုတိယ အရာခံဗိုလ်(အစားခန့်)စန္ဒာထွေး၊ အကောင်းဆုံးဇာတ်လမ်း၊ ဇာတ်ညွှန်းဆုရရှိသူ အရာခံဗိုလ်နိုင်ဦး၊ အကောင်းဆုံးဂီတ၊ ဆိုင်းဝိုင်းဆုရရှိသူ အရာခံဗိုလ်(အစားခန့်) အောင်ကိုသန်းနှင့် စက်မှုဌာနဂုဏ်ပြုဆုကို ဗိုလ်ကြီးဟိန်းထွဋ်အောင်တို့အား ဆုများပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သန်းစိုးက တိုင်းရင်းသား စည်းလုံးညီညွတ်ရေးတေးသီချင်းငါးပုဒ်ကို စီစဉ်ရိုက်ကူးထုတ်လုပ်ခဲ့ကြသော စစ်သည်/ဝန်ထမ်းများကိုယ်စား အရာခံဗိုလ်(အစားခန့်) ခိုင်ချိုထွန်း၊ မြဝတီရောင်စုံဓာတ်ပုံပြိုင်ပွဲ ပထမဆုရရှိသူ ဦးတင်မြင့် (စစ်ငြိမ်းပန်း)[ဒုတိယ ဗိုလ်မှူးကြီးတင်မြင့် (ငြိမ်း)]၊ *စာမျက်နှာ ၅ ကော်လံ ၄*

နိုင်ငံတကာသတင်းများ

ဗီယက်နမ်၌ ရေမကျောက်တုံးကြီးပြိုကျ အနည်းဆုံး ၁၂ ဦး သေဆုံး

ဟနွိုင်း ဧပြီ ၂

ဗီယက်နမ်နိုင်ငံမြောက်ပိုင်းရှိ ကျောက်မိုင်းတစ်ခု၌ ဧပြီ ၁ရက်က အလွန်ကြီးမားလွန်းလှသည့် ကျောက်တုံးကြီး ပြိုကျခဲ့သဖြင့် အနည်းဆုံး ၁၂ ဦး သေဆုံးသွားခဲ့ကြောင်း၊ သေဆုံးသူဦးရေ သိသိသာသာတိုးလာနိုင်ကြောင်း ဗီယက်နမ်သတင်းဌာနက ဧပြီ ၂ ရက်၌ သတင်းထုတ်ပြန်သည်။ **(ယာပုံ)**

သတင်းပို့ခဲ့

ထိုကျောက်တုံးကြီးပြိုကျချိန်တွင် လုပ်ငန်းခွင်၌ အလုပ်သမား ၃၀ ခန့် အလုပ်လုပ်နေကြောင်း အခင်းဖြစ်ပွားရာနေရာဖြစ်သည့် အင်န်ဂေးအန်ပြည်နယ်မှ ဗီယက်နမ်သတင်းထောက်တစ်ဦးက ဖုန်းဖြင့်သတင်းပေးပို့ခဲ့သည်။

အခင်းဖြစ်ပွားရာနေရာသည် မြို့တော်ဟနွိုင်းမြို့တောင်ဘက် မိုင် ၁၈၀ အကွာ၌ တည်ရှိသည်။ ၎င်းနေရာများသို့ ပြည်နယ်နှင့် ဒေသဆိုင်ရာ အာဏာပိုင်များ သွားရောက်ရန် ခက်ခဲသည့်နေရာဖြစ်သည်။

ကယ်ဆယ်ရေးအဖွဲ့က သေဆုံးသူများ၏အလောင်းများကို ဖော်ထုတ်ရန် ထိုကျောက်တုံးကြီးကို မိုင်းဖြင့် ဖောက်ခွဲရန် စီစဉ်လျက်ရှိသည်။

ထိုကျောက်တုံးကြီးမှာ စတုရန်းမီတာ ၅၀၀၀ခန့် ရှိသည်။ အလုပ်သမားအားလုံးနှင့် စက်ယန္တရားများလည်း ၎င်းကျောက်တုံးကြီးအောက်၌ ပိမိနေသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ကြက်မွေးများမှ ပလတ်စတစ်ထုတ်လုပ်နိုင်

နီဘရာစကာ ဧပြီ ၂

နှစ်စဉ်စွန့်ပစ်သည့် တန်ပေါင်းများစွာသော ကြက်အမွေးအတောင်များကို ပလတ်စတစ်ပြုလုပ်ရာတွင် အသုံးပြုနိုင်ဖွယ်ရှိကြောင်း အမေရိကန်သုတေသီများ၏ လေ့လာတွေ့ရှိချက်ကို ဧပြီ ၁ ရက်က အင်တာနက်တွင် သတင်းဖော်ပြသည်။

ထုတ်ပြန်ခဲ့

ကြက်အမွေးအတောင်များကို ပတ်ဝန်းကျင်နှင့် ပိုမိုသဟဇာတဖြစ်စေမည့် အပေါ့စားပလတ်စတစ်အဖြစ် အသုံးပြုနိုင်လိမ့်မည်ဖြစ်ကြောင်း အမေရိကန်ဓာတုဗေဒဆိုင်ရာ အစည်းအဝေး၌ အထက်ပါလေ့လာတွေ့ရှိချက်ကို ထုတ်ပြန်ခဲ့သည်။

ယင်းလေ့လာတွေ့ရှိချက်ကို အမေရိကန်နိုင်ငံ နီဘရာစကာ တက္ကသိုလ်မှ ပါမောက္ခ ရီကွီယန်းနှင့်အဖွဲ့က သုတေသနပြုတင်ပြထားခြင်း ဖြစ်သည်။ ပလတ်စတစ်ကို ရေနံမှထုတ်လုပ်သည့် ပေါ်လီအီသလင်း (Poly-ethylene)နှင့် ပေါ်လီပရိုပါလင်း (Polypropylene) တို့ကဲ့သို့သော ဒြပ်ပစ္စည်းများမှ ထုတ်လုပ်ခြင်းဖြစ်သည်။

တွေ့ရှိထား

ကြက်အမွေးအတောင်များနှင့် ဓာတုဗေဒဆေးတစ်မျိုးတို့ ရောစပ်ပြီး မီသိုင်းအရိုင်းလိတ် (Methyarylate) အဖြစ် ထုတ်လုပ်ကာ ပလတ်စတစ်အဖြစ် ထုတ်လုပ်နိုင်ကြောင်း ပါမောက္ခ ယန်းနှင့်အဖွဲ့က လေ့လာတွေ့ရှိထားသည်။

ခံနိုင်စွမ်းရှိ

အဆိုပါ ကြက်အမွေးအတောင်များမှ ထုတ်လုပ်သည့် ပလတ်စတစ်ဖြင့် ပါးလွှာသော ဖလင်ကော်ပြားများလည်း ထုတ်လုပ်နိုင်သည်ဟုဆိုသည်။ ယင်းဖလင်များသည် အခြားသော ဇီဝစွန့်ပစ်ပစ္စည်းများကိုအသုံးပြုပြီး ထုတ်လုပ်သည့်ဖလင်များထက် ပိုမိုကောင်းမွန်သည်။ အဆိုပါ ဖလင်များမှာ ရေဒဏ်၊ မိုးဒဏ် ခံနိုင်စွမ်းလည်း ရှိသည်ဟုဆိုသည်။ **(အင်တာနက်)**

ဖူကူရှီးမားဓာတ်ပေါင်းဖိုမှ ရေဒီယိုသတ္တိကြွပစ္စည်းများ လေထုထဲမှတစ်ဆင့် အစ္စရေးနိုင်ငံအထိရောက်ရှိ

ဂျေရုဆလင် ဧပြီ ၂

ဂျပန်နိုင်ငံ ဖူကူရှီးမားနျူကလီးယားဓာတ်ပေါင်းဖိုများမှ လေထုအတွင်း လွင့်မျောလာသည့် ရေဒီယိုသတ္တိကြွပစ္စည်းများ အစ္စရေးနိုင်ငံအထိ ပျံ့နှံ့ရောက်ရှိလာကြောင်း အစ္စရေးဆိုရက် နျူကလီးယား သုတေသနဌာနက မတ် ၃၁ ရက်၌ သတင်းထုတ်ပြန်ခဲ့သည်။

လျော့နည်း

အဆိုပါ သုတေသနဌာနသည် ၁၉၅၀ပြည့်လွန်နှစ်များက အဏုမြူဗုံးစမ်းသပ်ရာမှ ကျန်းမာရေးကို သိသိသာသာထိခိုက်စေနိုင်သည့် အိုင်အိုဒင်း ၁၃၁ နှင့် ရေဒီယိုသတ္တိကြွ အိုင်ဆိုတုတ်များကဲ့သို့ အမှုန်များကို ယခုအခါ လေထုအတွင်း စမ်းသပ်တွေ့ရှိထားသည်ဟု ဆိုသည်။ အစ္စရေးလေထုအတွင်း စမ်းသပ်တွေ့ရှိခဲ့သည့် အိုင်အိုဒင်း ၁၃၁ ၏ သိပ်သည်းဆသည် ၁၉၈၆ ခုနှစ်က ချာနိုဘိုင်းနျူကလီးယားဓာတ်ပေါင်းဖို ပေါက်ကွဲစဉ်ကထက် အဆလေးသိန်း လျော့နည်းသည်ဟုဆိုသည်။

စမ်းသပ်

ဖူကူရှီးမား နျူကလီးယား ဓာတ်ပေါင်းဖို(**အပေါ်ပုံ**)မှ ထွက်လာသည့် ရေဒီယိုသတ္တိကြွပစ္စည်းများသည် လွန်ခဲ့သော သီတင်းပတ်များအတွင်း ကမ္ဘာ့နေရာအတော်များများတွင် စမ်းသပ်တွေ့ရှိခဲ့သည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

နေတိုးလောင်စာဆီယာဉ်တန်း ပါကစ္စတန်နိုင်ငံ၌ တိုက်ခိုက်ခံရ၊ ၁၀ စီးပျက်စီး

အစ္စလမ္မာဘတ် ဧပြီ ၂

အာဖဂန်နစ္စတန်နိုင်ငံနှင့် နယ်ချင်းစပ်လျက်ရှိသော ပါကစ္စတန်နိုင်ငံ ခိုင်ဘာဒေသရှိ အကြမ်းဖက်သမားတို့၏ တိုက်ခိုက်မှုကြောင့် အနည်းဆုံး နေတိုးလောင်စာဆီတင်ကား ၁၀ စီး ပျက်စီးသွားကြောင်း ပါကစ္စတန်အရာရှိများက ဧပြီ ၂ ရက်၌ ပြောကြားသည်။

ပစ်ခတ်

အာဖဂန်နစ္စတန်နိုင်ငံ၌ နေတိုးတပ်ဖွဲ့များထံ ထောက်ပံ့ရေးပစ္စည်းများအဓိကဖြတ်သန်းတင်ပို့ရာ ထိုဒေသ၌ အကြမ်းဖက်သမားများက လောင်စာဆီတင်ကားများကို စိန်ပြောင်းများ၊ လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သည်။

သို့သော် လောင်စာဆီတင်ကားများမှာ လောင်စာဆီများ တင်မထားသည့်အတွက် မီးလောင်မှုမဖြစ်ပွားခဲ့ဟု ပြောကြားသည်။

ပြောကြား

အဆိုပါ တိုက်ခိုက်မှုအတွင်း လုံခြုံရေးအစောင့် သုံးဦးအား အကြမ်းဖက်သမားများက ခေါင်းဖြတ်သတ်သွားကြောင်း ဒေသခံထောက်လှမ်းရေးအရာရှိများက အတည်ပြုပြောကြား သည်။ (အင်တာနက်)

မြန်မာ့အလင်း နောက်ဆုံးရနိုင်ငံတကာသတင်း

❑ မိုးမြင့်လင်းလက် -- စုစည်းသည် ❑

အင်ဒဲဗားလွန်းပြန်ယာဉ် မုန်တိုင်းနှင့် မိုးကြိုးထိ

ဝါရှင်တန် ဧပြီ ၂

အမေရိကန်နိုင်ငံ ကနေဒီအာကာသယာဉ်စခန်း၏ အာကာသယာဉ်ပစ်လွှတ်ရာစင်၌ တပ်ဆင်ထားသည့် အင်ဒဲဗားအာကာသလွန်းပြန်ယာဉ်မှာ အင်အားပြင်းမုန်တိုင်းတိုက်ခတ်မှုနှင့် မိုးကြိုးပစ်ချမှုများကြောင့် အနည်းငယ်ပျက်စီးခဲ့ကြောင်း နာဆာအရာရှိများက ဧပြီ ၂ ရက်၌ ပြောကြားသည်။

စီစဉ်နေ

ရာသီဥတုမှာ ဆက်လက်ဆိုးရွားနေသဖြင့် ဧပြီ ၁၉ ရက်၌ လွှတ်တင်ရန်စီစဉ်ထားသည့် နာဆာ၏ နောက်ဆုံးအာကာသယာဉ်လွှတ်တင်နိုင်ရေးအတွက် အင်ဒဲဗားအာကာသယာဉ်(အောက်ပုံ)ကို ကာကွယ်မှုပေးရန် စီစဉ်နေရသည်ဟု ကနေဒီအာကာသယာဉ်လွှတ်တင်ရေးစခန်းမှ ပြောရေးဆိုခွင့်ရှိသူ အယ်လ်လက်ဘူတယ်က ပြောကြားသည်။

မတ် ၃၁ ရက်က တိုက်ခတ်ခဲ့သော မုန်တိုင်းမှာ တစ်နာရီ မိုင် ၉၀ နှုန်းရှိသည့်အပြင် အင်ဒဲဗားအာကာသယာဉ်ချိတ်ထားသည့် ပစ်လွှတ်စင် ၃၉ အေမှာလည်း မိုးကြိုးပစ်ချမှုနှင့် ကြုံတွေ့ခဲ့ရသည်။ ယခုအခါ လိုက်ပါမည့် အာကာသယာဉ်မှူး ခြောက်ဦးလည်း ဝတ်စုံပြည့်လေ့ကျင့်မှုများပြုလုပ်ပြီး ကြိုတင်ပြင်ဆင်လျက်ရှိသည်။ (အင်တာနက်)

တရုတ်၌ ဆိုင်ကယ်အပိုပစ္စည်းစက်ရုံ မီးလောင်

ဟန်ကျိုး ဧပြီ ၂

တရုတ်နိုင်ငံ ကျဲကျန်းပြည်နယ် အရှေ့ပိုင်းရှိ ဆိုင်ကယ်အစိတ်အပိုင်းများထုတ်လုပ်သည့် စက်ရုံတွင် ဧပြီ ၁ ရက်ညက ပေါက်ကွဲမှုတစ်ရပ်ဖြစ်ပွားရာ အလုပ်သမားငါးဦးသေဆုံးပြီး တစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း တရုတ်အရာရှိများက ဧပြီ ၂ ရက်၌ ပြောကြားသည်။

၎င်းစက်ရုံမှာ ဒေါင်ဒူမြို့နယ် လီရှုအီမြို့ ကျန်ယန်စီရင်စုရှိ ကျီဂျီယန်ဟောင်ဝေ ဆိုင်ကယ်အစိတ်အပိုင်းထုတ်လုပ်သည့် စက်ရုံဖြစ်ပြီး ဧပြီ ၁ ရက် ည ၈ နာရီ ၃၅ မိနစ်ခန့်က ပေါက်ကွဲမီးလောင်ခဲ့ခြင်းဖြစ်ပြီး အလုပ်သမားသုံးဦးမှာ နေရာတွင် ပွဲချင်းပြီးသေဆုံးကာ နှစ်ဦးမှာ ဆေးရုံ၌ သေဆုံးခဲ့ခြင်းဖြစ်သည်။ **(အင်တာနက်)**

ဩစတြီးယားအနောက်ပိုင်း၌ ရဟတ်ယာဉ်ပျက်ကျ

ဗီယင်နာ ဧပြီ ၂

ဩစတြီးယားနိုင်ငံ အနောက်ပိုင်း ရေအိုင်ကြီးအတွင်းသို့ ဧပြီ ၁ရက် နံနက်ပိုင်းက ရဟတ်ယာဉ်တစ်စင်း ပျက်ကျခဲ့ရာ ရဟတ်ယာဉ်ပေါ်လိုက်ပါလာသူ လေးဦးစလုံး သေဆုံးခဲ့ကြောင်း ဩစတြီးယားအရာရှိများက ဧပြီ ၂ ရက်၌ ပြောကြားသည်။ **(အောက်ပုံ)**

ပျက်ကျ

အဆိုပါဖြစ်စဉ်မှာ ၎င်းရဟတ်ယာဉ်လေ့ကျင့်ပျံသန်းနေစဉ် လေယာဉ်မှူးမှာ ရုတ်တရက် ကျန်းမာရေးချို့ယွင်းပြီး ရဟတ်ယာဉ်ကို ထိန်းသိမ်းမရဘဲ ရေအိုင်ကြီးအတွင်းပျက်ကျခဲ့ခြင်းဖြစ်သည်။ ထိုသို့ ပျက်ကျပြီး ၁၅ မိနစ်အကြာအထိ ရဟတ်ယာဉ်မှာ ရေပေါ်၌ပေါ်နေကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။ **(အင်တာနက်)**

● *ရှေ့ဖုံးမှ*

ရှင်းလင်းတင်ပြ

ထို့နောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံရေးဗျူရို အမြဲတမ်းကော်မတီဝင်နှင့် တရုတ်ပြည်သူ့နိုင်ငံရေးအတိုင်ပင်ခံ ကွန်ဖရင့်၏ (၁၁)ကြိမ်မြောက် အမျိုးသားကော်မတီဥက္ကဋ္ဌ မစ္စတာကျာချင့်လင် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် တိုင်းဒေသကြီး ပညာရေးနှင့်ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာဝင်းလှိုင်နှင့် တာဝန်ရှိသူများ လိုက်ပါလျက် ညနေပိုင်းတွင် မန္တလေးနန်းမြို့ရှိ မြနန်းစံကျော် ရွှေနန်းတော်နှင့် ယဉ်ကျေးမှုပြတိုက်သို့ ရောက်ရှိကြရာ ရှေးဟောင်းသုတေသန အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန (မန္တလေး)မှ ညွှန်ကြားရေးမှူး ဦးမြင့်ဇော်နှင့်တာဝန်ရှိသူများက ကြိုဆိုကြပြီး ညွှန်ကြားရေးမှူးက မြနန်းစံကျော် ရွှေနန်းတော်၏ သမိုင်းကြောင်းနှင့် ရှေးမူမပျက် ထိန်းသိမ်းထားရှိမှုများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် မစ္စတာ ကျာချင့်လင် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် မြနန်းစံကျော် ရွှေနန်းတော်နှင့် ပြတိုက်အတွင်းရှိ မြန်မာဘုရင်များ၏ ထီးသုံးနန်းသုံး အသုံးအဆောင်များနှင့် မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များကို လှည့်လည်ကြည့်ရှု လေ့လာကြရာ တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

ဆက်လက်၍ မစ္စတာ ကျာချင့်လင်သည် ပြတိုက်ဧည့်သည်တော် မှတ်တမ်းစာအုပ်၌ မှတ်တမ်းတင်လက်မှတ်ရေးထိုးသည်။

တွေ့ဆုံ

ထို့နောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံရေးဗျူရို အမြဲတမ်းကော်မတီဝင်နှင့် တရုတ်ပြည်သူ့နိုင်ငံရေးအတိုင်ပင်ခံ ကွန်ဖရင့်၏ (၁၁) ကြိမ်မြောက် အမျိုးသားကော်မတီ ဥက္ကဋ္ဌ မစ္စတာ ကျာချင့်လင် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့်အား ညနေ ၆ နာရီတွင် မန္တလေးမြို့ ဆီဒိုးနားဟိုတယ် ဧည့်ခန်းမ၌ တွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံရာတွင် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အတူ မန္တလေးမြို့တော်ဝန်၊ စည်ပင်သာယာရေးရာဝန်ကြီးဌာန ဝန်ကြီး ဦးဖုန်းဇော်ဟန်၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးများဖြစ်ကြသော စီးပွားရေးရာဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ဇံ၊ လယ်ယာနှင့်သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဦးမြင့်သန်း၊ ပညာရေးနှင့်ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာဝင်းလှိုင်၊ ပို့ဆောင်/ဆက်သွယ်ရေးရာဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်း၊ စက်မှုရေးရာဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာမြင့်ကြူ၊ ပြည်သူ့လွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီ အတွင်းရေးမှူး ဦးမောင်တိုးနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး မစ္စတာကျာချင့်လင် ဦးဆောင်သည့် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့နှင့်အတူ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ လီကျွင်းဟွာ တက်ရောက်သည်။

တည်ခင်းဧည့်ခံ

ယင်းနောက် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံရေးဗျူရို အမြဲတမ်းကော်မတီဝင်နှင့် တရုတ်ပြည်သူ့နိုင်ငံရေးအတိုင်ပင်ခံ ကွန်ဖရင့်၏ (၁၁)ကြိမ်မြောက် အမျိုးသားကော်မတီဥက္ကဋ္ဌ မစ္စတာ ကျာချင့်လင် ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ညပိုင်းတွင် မန္တလေးမြို့ ဆီဒိုးနားဟိုတယ်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

အဆိုပါ ဂုဏ်ပြုညစာစားပွဲသို့ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီး ဥပဒေချုပ်၊ တိုင်းဒေသကြီး စာရင်းစစ်ချုပ်၊ ပြည်သူ့လွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီ အတွင်းရေးမှူး၊ တိုင်းဒေသကြီးလွှတ်တော် ဥပဒေပြုရေးဆိုင်ရာကော်မတီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးလွှတ်တော် တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာ ကော်မတီဥက္ကဋ္ဌ၊ တရားလွှတ်တော်တရားသူကြီးများနှင့် တာဝန်ရှိသူများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးနှင့် ကောင်စစ်ဝန်ချုပ်တို့ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံရေးဗျူရို အမြဲတမ်းကော်မတီဝင်နှင့် တရုတ်ပြည်သူ့နိုင်ငံရေး အတိုင်ပင်ခံ ကွန်ဖရင့်၏ (၁၁)ကြိမ်မြောက် အမျိုးသားကော်မတီဥက္ကဋ္ဌ မစ္စတာ ကျာချင့်လင် ဦးဆောင်သည့် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့အား မန္တလေးမြို့ ဆီဒိုးနားဟိုတယ်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံစဉ်။ (သတင်းစဉ်)

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံရေးဗျူရို အမြဲတမ်းကော်မတီဝင်နှင့် တရုတ်ပြည်သူ့နိုင်ငံရေး အတိုင်ပင်ခံ ကွန်ဖရင့်၏ (၁၁)ကြိမ်မြောက် အမျိုးသားကော်မတီ ဥက္ကဋ္ဌ မစ္စတာ ကျာချင့်လင် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ မန္တလေးနန်းမြို့ရှိ မြနန်းစံကျော် ရွှေနန်းတော်၌ ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၃၇၂ ခုနှစ်၊ တပေါင်းလကွယ်နေ့ (ဥပုသ်နေ့) ၃-၄-၂၀၁၁ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၁၅	၂။	အောင်တော်မူ (စောမင်းနောင်၊ စိုင်းညီမင်း၊တေးရေး- ဗိုလ်ကလေးတင့်အောင်)
၇:၂၅	၃။	ကျန်းမာဖို့အတူကစားစို့
၇:၃၀	၄။	နံနက်ခင်းသတင်း
၇:၄၀	၅။	သံသာချို့အေးမင်္ဂလာတေး
၇:၅၀	၆။	**သက်ရှည်ကျန်းမာလေ့ကျင့်ပါ**
၇:၅၅	၇။	ယဉ်ကျေးလိမ္မာ (၃၈)ဖြာမင်္ဂလာ
၈:၁၀	၈။	အဆိုပြိုင်ပွဲ
၈:၂၀	၉။	**ကျန်းမာသန့်ထွား ဉာဏ်မြင့်မား**
၈:၃၀	၁၀။	တေးဂီတအစီအစဉ်
၈:၄၀	၁၁။	International News
၈:၄၅	၁၂။	ခါသကြ်န်အဆိုအကများ
၉:၀၀	၁၃။	အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁:၀၀	၁။	စစ်သည်တေး
၁၁:၁၀	၂။	ခါသကြ်န် အဆိုအကများ
၁၁:၂၀	၃။	တစ်ပတ်အတွင်းနိုင်ငံတကာ သတင်းစဉ်
၁၁:၃၀	၄။	နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်ကြိုးတစ်မျှင်** (အပိုင်း-၃၀)
၁၂:၃၀	၅။	Golf Magazine (TV)
၁၂:၅၀	၆။	မြန်မာရုပ်ရှင် **ချစ်လည်းခက်ခက် မုန်းလည်းခက်** ဇော်လွင်၊ခင်သန်းနု၊ တင်တင်လှ (ဒါရိုက်တာ-မောင်သော်တာ)
၁၄:၅၀	၇။	International News
၁၅:၀၀	၈။	အစီအစဉ်ပြီး၏။

ညပိုင်း

၃:၄၅	၁။	**Myanmar National League MNL Grand Royal Cup 2011** ဘောလုံးပြိုင်ပွဲတိုက်ရိုက် ထုတ်လွှင့်မှုအစီအစဉ် (**Southern Myanmar F.C** နှင့် ဖွဲကပင်ယူနိုက်တက် **F.C**)
၅:၄၅	၂။	ခါသကြ်န်အဆိုအကများ
၆:၀၀	၃။	ညနေခင်းသတင်း
၆:၁၅	၄။	မိုးလေဝသအခြေအနေ
၆:၂၀	၅။	ကာတွန်းအစီအစဉ် **ကွမ်တံမင်း** (အပိုင်း-၁၄)
၆:၄၀	၆။	တစ်မျက်နှာ၊ တစ်ကွက်စာ **သမီးမက်သူ** မိုးထက်ပိုင်၊ တေဇ၊ မိုးကောင်း၊ ရန်နိုင်၊ နေလ၊ ဟိန်းဇော်၊ ဦးခိုင်တင်၊ မေဟသ်ာ၊ ခိုင်ပွင့်၊ ဆုဝတီမိုး၊ ဂျူးဂျူးကော၊ သဇင်ထူးနိုင်၊ ဒေါခင်မို့မို့အေး (ဒါရိုက်တာ-မေတင် MMG)
၇:၀၀	၇။	နိုင်ငံခြားဇာတ်လမ်းတွဲ **အချစ်နဲ့အမုန်း** (အပိုင်း-၁)
၈:၀၀	၈။	ပြည်တွင်းသတင်း
	၉။	နိုင်ငံတကာသတင်းများ
	၁၀။	မိုးလေဝသအခြေအနေ
	၁၁။	ကာတွန်းအစီအစဉ် **တောကောင်းငယ်သိုင်းညီနောင်လေးများ** (အပိုင်း-၁၁၀)
	၁၂။	နိုင်ငံခြားဇာတ်လမ်းတွဲ **ကွန်ဖူးချစ်သူ** (အပိုင်း-၁၉)
	၁၃။	ရင်လှိုင်းခတ်သံတေးသီဟန်
	၁၄။	မင်းကွန်းဆရာတော်ကြီး၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်း တရားတော်

❖ *ရှေ့ဖုံးမှ*

ထို့နောက် တာချီလိတ်ခရိုင် တာလေမြို့နယ်ခွဲ ငလျင်ဘေးဒဏ်သင့် ပြည်သူများအတွက် ဦးမြင့်ဦးက အလှူငွေကျပ် ငါးသိန်း၊ ဦးသိန်းဇော်လေး (ဥက္ကဋ္ဌ-မြန်မာနိုင်ငံနယ်စပ်နှင့် တောင်တန်းဒေသ ထေရဝါဒဗုဒ္ဓဘာသာ သာသနာ့နုဂ္ဂဟအသင်း) ရန်ကုန်တောင်ပိုင်းခရိုင်က အလှူငွေကျပ် ငါးသိန်း၊ ဦးတင်နုက အလှူငွေကျပ် တစ်သိန်း၊ ဦးကျော်စွာထွန်းက အလှူငွေကျပ် တစ်သိန်း၊ ဦးလှဝင်းနိုင်က အလှူငွေကျပ် တစ်သိန်း၊ ဦးဇော်ဝင်းက အလှူငွေကျပ် တစ်သိန်း၊ ဦးမိုးမိုးကျော်က အလှူငွေကျပ် တစ်သိန်း၊ ဦးမိုးမြင့်ကျော်က အလှူငွေကျပ် တစ်သိန်း၊ ဦးခင်မောင်လှက အလှူငွေကျပ် ငါးသောင်းနှင့် မောင်ဝေဖြိုးသန်းက အလှူငွေကျပ် ငါးသောင်းတို့ကို ပေးအပ်လှူဒါန်းကြရာ အုပ်ချုပ်ရေးမှူး ဦးမိုးခိုင်ထွန်းက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စာမျက်နှာ ၃ မှ

မြဝတီရောင်စုံဓာတ်ပုံပြိုင်ပွဲ ဒုတိယဆုရရှိသူ ကျော်ဝင်းလှိုင် (ယဉ်ကျေးမှုတက္ကသိုလ်)၊ မြဝတီ ရောင်စုံဓာတ်ပုံပြိုင်ပွဲ တတိယဆုရရှိသူ စိုင်းခမ်းလင်း (Hawk Eyes) နှင့် မြဝတီမဂ္ဂဇင်း အကောင်းဆုံး ကာတွန်းဆုရရှိသူ ကာတွန်းမြေဇာတို့အား ဆုများပေးအပ်ချီးမြှင့်သည်။

ထို့နောက် ဧရာဝတီရေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးကြီး ထွန်းလွင်ဦးက မြဝတီမဂ္ဂဇင်းအကောင်းဆုံး ကဗျာဆုရရှိသူ မောင်ဟေမာ၊ မြဝတီမဂ္ဂဇင်း အကောင်းဆုံးဆောင်းပါးဆုရရှိသူ ဒေါက်တာမတင်ဝင်း(ပညာရေးတက္ကသိုလ်)၊ မြဝတီမဂ္ဂဇင်းအကောင်းဆုံး ဝတ္ထုတိုဆုရရှိသူ ဆင်ဖြူကျွန်းအောင်သိန်းနှင့် မြဝတီမဂ္ဂဇင်း အကောင်းဆုံး ဝတ္ထုရှည်ဆုရရှိသူ သောင်းဝေဦး [ဗိုလ်မှူးကြီးသောင်းဝေ(ငြိမ်း)]၊ ငွေတာရီမဂ္ဂဇင်းအကောင်းဆုံး ကာတွန်းဆုရရှိသူ ကာတွန်း သစ်ထွဏ်း၊ ငွေတာရီမဂ္ဂဇင်း အကောင်းဆုံးကဗျာဆုရရှိသူကို(တက္ကသိုလ်) [ဗိုလ်မှူးကြီး ကိုကို(ငြိမ်း)]နှင့် ငွေတာရီမဂ္ဂဇင်း အကောင်းဆုံး ဝတ္ထုတိုဆုရရှိသူ လယ်တွင်းသားစောချစ် (ဦးတင်လှိုင်- မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ)တို့အား ဆုများပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ မြန်မာ့စီးပွားရေးကော်ပိုရေးရှင်းမှ ဗိုလ်မှူးကြီးရဲထွဋ်(ငြိမ်း)က (၁၉)ကြိမ်မြောက် ကာကွယ်ရေးဦးစီးချုပ်ဒိုင်း မြန်မာ့သိုင်းပြိုင်ပွဲ (၄၀-၄၅) ကီလိုဝိတ်တန်း (ခါးတစ်လက်အတိုက်)ပြိုင်ပွဲ၌ ရွှေတံဆိပ်ဆုရရှိသူ အမှတ်(၂) တပ်မတော်ရုပ်မြင်သံကြား ထုတ်လွှင့်ရေးတပ်မှ တပ်ကြပ်ကြီးသက်လွင်ဦး၊ (၆၆)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် စစ်သည်တော်ကျင့်ဝတ် ဗဟိုအဆင့်ပြိုင်ပွဲ၌ ပထမဆုရရှိသူ အမှတ်(၄) တိုက်ပွဲဝင် စည်းရုံးရေးသင်တန်းကျောင်းမှ တပ်သားသိန်းဝင်း၊ အမှတ်(၇) တိုက်ပွဲဝင် စည်းရုံးရေးသင်တန်းကျောင်းမှ တပ်သားရဲအောင်နှင့် (၁၉)ကြိမ်မြောက် ကာကွယ်ရေးဦးစီးချုပ်ဒိုင်း မြန်မာ့သိုင်းပြိုင်ပွဲ(၄၀-၅၀) ကီလိုဝိတ်တန်း(ခါးနှစ်လက်အတိုက်) ပြိုင်ပွဲ၌ ရွှေတံဆိပ်ဆုရရှိသူ အမှတ်(၄)ပညာရေးကျောင်းမှ ဒုတိယတပ်ကြပ် သန်းဇော်လတ်တို့အား ဆုများပေးအပ် ချီးမြှင့်သည်။

ယင်းနောက် မြန်မာ့စီးပွားရေး ဦးပိုင်လီမိတက်မှ ဒုတိယဗိုလ်မှူးကြီး သန်းထွန်း(အငြိမ်းစား)က (၆၀-၆၅) ကီလိုဝိတ်တန်း(ခါးနှစ်လက်အတိုက်) ပြိုင်ပွဲ၌ ရွှေတံဆိပ်ဆုရရှိသူ အမှတ်(၄) ပညာရေးကျောင်းမှ တပ်သားသန်းကျော်ဌေး၊ ကျန်းမာရေးဝန်ကြီးဌာနက ကျင်းပသော အေအိုင်ဒီအက်(စ်) တိုက်ဖျက်ရေးနေ့ စာစီစာကုံးပြိုင်ပွဲ ဗဟိုအဆင့်၌ ဒုတိယဆုရရှိသူ နေပြည်တော် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းမှ မထက်ရွှေရည်လှိုင်နှင့် ၂၀၁၀ ပြည့်နှစ်၊ မူးယစ်ဆေးဝါး တရားမဝင်ရောင်းဝယ်ရေးနှင့် အလွဲသုံးမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ဗဟိုအဆင့် ကွန်ပျူတာပန်းချီပြိုင်ပွဲ၌ ဒုတိယဆုရရှိသူ ဗဟန်းမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်း ကျောင်းမှ မဝင်းသန့်သန့်တို့အား ဆုများပေးအပ်ချီးမြှင့်သည်။

ပေးအပ်

ထို့နောက် တာဝန်ရှိသူများက မြဝတီရုပ်မြင်သံကြားတွင် အဘက်ဘက်မှ ပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့ကြသည့် အသိပညာရှင်၊ အတတ်ပညာရှင်များနှင့် မြဝတီစာပေတိုက်တွင် ပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့ကြသည့် စာပေနှင့် ဓာတ်ပုံပညာရှင်များအား ဂုဏ်ပြုလက်ဆောင်များကို နေရာအရောက် လိုက်လံပေးအပ်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဗိုလ်ချုပ်တင်ငွေနှင့် ဧည့်သည်တော်များအား မြဝတီတေးဂီတအဖွဲ့နှင့် တွဲဖက်၍ မြန်မာနိုင်ငံ ဂီတအစည်းအရုံးမှ တေးသံရှင်များနှင့် မြဝတီရုပ်မြင်သံကြားမှ တေးသံရှင်များက တေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

(သတင်းစဉ်)

(၆၆)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနား
တိုင်းမှူး ဗိုလ်မှူးချုပ်ရဲအောင် တက်ရောက်

နေပြည်တော် ဧပြီ ၂

အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် (၆၆)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားကို မတ် ၂၇ ရက် နံနက်ပိုင်းက တိုင်းစစ်ဌာနချုပ် စစ်ရေးပြကွင်း၌ ကျင်းပရာ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ရဲအောင်နှင့် တက်ရောက်လာကြသူများသည် နိုင်ငံတော်အလံအား အလေးပြုခြင်း၊ ကျဆုံးလေပြီးသော တပ်မတော်သားများအား အလေးပြုခြင်းနှင့် သစ္စာအဓိဋ္ဌာန်လေးချက်ရွတ်ဆိုခြင်းတို့ကို ဆောင်ရွက်ကြသည်။

ပေးအပ်ချီးမြှင့်

ထို့နောက် တိုင်းမှူးက (၆၆)နှစ်မြောက် တပ်မတော်နေ့ အမှာစကားပြောကြားပြီး စစ်သည်တော်ကျင့်ဝတ်ပြိုင်ပွဲများတွင် ဆုရရှိကြသူများအား ဆုများပေးအပ်ချီးမြှင့်သည်။ **(ယာပုံ)**

ယင်းနောက် ညပိုင်းတွင် နန်းမြို့ခန်းမ၌ (၆၆)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲ ကျင်းပခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အိမ်တိုင်ရာရောက် ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်

ရန်ကုန် ဧပြီ ၂

ပုဇွန်တောင်မြို့နယ်အတွင်းရှိ နာတာရှည်ဝေဒနာရှင်များအား ပြည်သူလူထုအခြေပြု အိမ်တိုင်ရာရောက် ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း အခမ်းအနားကို မတ် ၁၁ ရက် နံနက် ၉ နာရီက ပုဇွန်တောင်မြို့နယ်၌ကျင်းပရာ ရေးဦးစွာ မြို့နယ်ကျန်းမာရေးကော်မတီဥက္ကဋ္ဌ ဦးပုက အမှာစကားပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာန ဒုတိယတိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဒေါ်ယဉ်သန္တာလွင်က လုပ်ငန်းဆောင်ရွက်ခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီး ခုခံကျ/ကာလသားရောဂါတိုက်ဖျက်ရေး ဆရာဝန်ကြီး ဒေါက်တာဦးမျိုးသန့်၊ ရန်ကုန်တိုင်းဒေသကြီး တီဘီရောဂါ အထူးကုဆရာဝန်ကြီး ဒေါက်တာဒေါ်စန်းစန်းရှိန်နှင့် ရန်ကုန်တိုင်းဒေသကြီး အနာကြီးရောဂါ တိုက်ဖျက်ရေး ဆရာဝန်ကြီး ဒေါက်တာဦးသန်းဝင်းတို့က ကဏ္ဍအလိုက် ဆွေးနွေးဟောပြောကြသည်။

ထောက်ပံ့ပေးအပ်

ထို့နောက် အဆိုပါအဖွဲ့သည် ပုဇွန်တောင်မြို့နယ် ရပ်ကွက်များအတွင်းရှိ နာတာရှည်ရောဂါဝေဒနာရှင်များအား အိမ်တိုင်ရာရောက် ကျန်းမာရေးစစ်ဆေးပေးပြီး ဆေးဝါးများနှင့်အာဟာရပစ္စည်းများကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(၁၃၅)**

မြန်မာ့သစ်လုပ်ငန်းသစ်ထုတ်ရေးဌာန အငြိမ်းစားဝန်ထမ်းများ၏ စတုတ္ထအကြိမ် သက်ကြီးပူဇော်ပွဲအထိမ်းအမှတ်အဖြစ် ထာဝရ အထွေထွေပဒေသာပင်အတွက် ငွေကျပ်နှစ်သိန်းငါးသောင်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်ရှိန်(ငြိမ်း)ထံ ပေးအပ်လှူဒါန်းစဉ်။ (ဘိုးဘွားရိပ်သာ)

Boneal ဒဏ်ကြေလိမ်းဆေးနှင့် Haicneal ဖောက်ပျောက်ခေါင်းလျှော်ရည်
Yangon Expo 2011 ပြပွဲ၌ ပါဝင်ပြသ



ရန်ကုန် ဧပြီ ၂

Smart Business Group က ကြီးမှူး၍ Yangon Expo 2011 ပြပွဲကို ရန်ကုန်မြို့ ဒဂုံမြို့နယ် ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ဧပြီ ၁ ရက်မှ ၄ရက်အထိ ခင်းကျင်းပြသလျက်ရှိရာ EMP ကုမ္ပဏီလီမိတက်မှ Boneal ဒဏ်ကြေလိမ်းဆေးနှင့် Haicneal ဖောက်ပျောက်ခေါင်းလျှော်ရည်တို့ ပြသရောင်းချလျက်ရှိသည်။ **(အပေါ်ပုံ)**

Boneal ဒဏ်ကြေလိမ်းဆေးသည် အကြောရောဂါအမျိုးမျိုးကြောင့် ဖြစ်တတ်သောရောဂါများ၊ ပခုံးကပ်ခြင်း၊ ဒူးနာခြင်း၊ ဒူးကိုက်ခြင်း၊ ခါးကိုက်ခြင်း၊ လေးဖက်နာရောဂါ၊ လေငန်းရောဂါအမျိုးမျိုး၊ ခေါင်းကိုက်ခြင်း၊ အုံးလွဲ၊ ဇက်ကြောတက်၊ အကြောရောင်ခြင်း၊ ကြွက်တက်ခြင်း၊ အဆစ်အမျက်ကိုက်ခြင်း၊ ထုံကျဉ်ကိုက်ခဲခြင်းဝေဒနာတို့ကို ပျောက်ကင်းစေသည်။

ထို့အပြင် Haicneal ဖောက်ပျောက်ခေါင်းလျှော်ရည်ကိုလည်း ပြသရောင်းချလျက်ရှိသည်။

မှာယူနိုင်

Boneal နှင့် Haicneal တို့ကို မှာယူလိုပါက EMP Co., Ltd. အမှတ်(၂၂၂) ဗိုလ်မြတ်ထွန်းလမ်း ပုဇွန်တောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း -၀၁-၂၉၆၉၉၅ နှင့် ၂၀၃၀၀၈၊ မန္တလေးမြို့ ဖုန်း-၀၂-၃၁၃၆၃ နှင့် ၀၉-၆၅၀၀၅၉၇၊ တောင်ကြီးမြို့ ဖုန်း-၀၉-၄၉၃၅၀၆၆၄၊ လားရှိုးမြို့ ဖုန်း-၀၉-၄၇၃၀၁၄၃၁ နှင့် မုံရွာမြို့ ဖုန်း-၀၉-၂၀၆၂၄၁၉၈ တို့ထံသို့ ဆက်သွယ်မှာယူနိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

နေပြည်တော်-ရန်ကုန်နှင့် ရန်ကုန်-မန္တလေး
သင်္ကြန်အထူးရထား အစုန်/အဆန် နှစ်စင်းစီ ပြေးဆွဲမည်

နေပြည်တော် ဧပြီ ၂

သင်္ကြန်ကာလအတွင်း ခရီးသွားပြည်သူများ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေးအတွက် နေပြည်တော်-ရန်ကုန်လမ်းပိုင်းနှင့် ရန်ကုန်-မန္တလေးလမ်းပိုင်းတွင် သင်္ကြန်အထူးရထားနှစ်စင်းစီ ပြေးဆွဲပေးမည်ဖြစ်ကြောင်း သိရသည်။

စတင်ထွက်ခွာ

ဧပြီ ၇ ရက်တွင် သင်္ကြန်အထူးရထား(၁)သည် ရန်ကုန်ဘူတာမှ နံနက် ၄နာရီခွဲတွင် စတင်ထွက်ခွာ၍ မန္တလေးဘူတာသို့ ထိုနေ့ညနေ ၆ နာရီ မိနစ် ၄၀တွင်လည်းကောင်း၊ သင်္ကြန်အထူးရထား(၂)သည် မန္တလေးဘူတာမှ နံနက် ၄ နာရီ ၁၅ မိနစ်တွင် စတင်ထွက်ခွာ၍ ရန်ကုန်ဘူတာသို့ ထိုနေ့ညနေ ၇နာရီတွင်လည်းကောင်း ရောက်ရှိမည်ဖြစ်သည်။

အဆိုပါ အထူးရထားနှစ်စင်းသည် ဧပြီ ၈ ရက်နှင့် ၉ ရက်တို့တွင် ရန်ကုန်-မန္တလေး အစုန်/အဆန် ပြေးဆွဲသွားမည်ဖြစ်သည်။

ထို့အပြင် သင်္ကြန်ကာလအတွင်း နေပြည်တော်မှဝန်ထမ်းများနှင့်မိသားစုများအပါအဝင် ခရီးသွားပြည်သူများ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေးအတွက် လက်ရှိ နေပြည်တော်-ရန်ကုန်ပြေးဆွဲနေသော အမှတ်(၃၂)အစုန်၊ အမှတ်(၈)အစုန် အမြန်ရထားနှစ်စင်းအပြင် အဆိုပါအထူးရထားနှစ်စင်းကို ဧပြီ ၁၁ ရက်နှင့် ၁၂ ရက်တို့တွင် နေပြည်တော်-ရန်ကုန် ခရီးစဉ်အဖြစ် တိုးချဲ့ပြေးဆွဲပေးမည်ဖြစ်ရာ အစုန်အထူးရထား(၁)သည် နေပြည်တော်မှ နံနက် ၆ နာရီခွဲတွင် ထွက်ခွာ၍ ရန်ကုန်သို့ ညနေ ၃ နာရီ မိနစ် ၅၀ တွင် ရောက်ရှိမည်ဖြစ်ပြီး အစုန်အထူးရထား(၂)သည် နေပြည်တော်မှ နံနက် ၇ နာရီခွဲတွင် ထွက်ခွာ၍ ရန်ကုန်သို့ ညနေ ၄ နာရီ မိနစ် ၅၀ တွင် ရောက်ရှိမည်ဖြစ်သည်။

ပြေးဆွဲသွားမည်

သင်္ကြန်လွန်ကာလအတွက် ဧပြီ ၁၇ ရက်တွင် အထူးရထား(၁)သည် ရန်ကုန်ဘူတာမှ မန္တလေးဘူတာသို့လည်းကောင်း၊ ဧပြီ ၁၈ ရက်တွင် အထူးရထား(၁)သည် မန္တလေးဘူတာမှ ရန်ကုန်ဘူတာသို့လည်းကောင်း၊ အထူးရထား(၂)သည် ရန်ကုန်ဘူတာမှ မန္တလေးဘူတာသို့လည်းကောင်း၊ ဧပြီ ၁၉ရက်တွင် အထူးရထား(၂)သည် မန္တလေးဘူတာမှ ရန်ကုန်ဘူတာသို့လည်းကောင်း အထက်ဖော်ပြပါ ရန်ကုန်နှင့် မန္တလေးမှ ထွက်ခွာမည့် အချိန်များအတိုင်း ပြေးဆွဲသွားမည်ဖြစ်သည်။

ရောက်ရှိ

အလားတူ နေပြည်တော်မှ ဝန်ထမ်းများနှင့်မိသားစုများအပါအဝင် ခရီးသွားပြည်သူများအတွက် ရန်ကုန်မှ နေပြည်တော်ခရီးစဉ်အဖြစ် လက်ရှိ အမှတ်(၃၁)အဆန်၊ အမှတ်(၇)အဆန် အမြန်ရထားနှစ်စင်းအပြင် နောက်ထပ် အထူးရထားနှစ်စင်းကို ဧပြီ ၂၀ ရက်နှင့် ၂၁ ရက်တို့တွင် ပြေးဆွဲပေးမည်ဖြစ်ရာ အဆန်အထူးရထား(၁)သည် ရန်ကုန်မှ နံနက် ၁၀ နာရီတွင် ထွက်ခွာ၍ နေပြည်တော်သို့ ည ၇ နာရီ မိနစ် ၅၀တွင် ရောက်ရှိမည်ဖြစ်ပြီး အဆန်အထူးရထား(၂)သည် ရန်ကုန်မှ နံနက် ၁၀ နာရီခွဲတွင်ထွက်ခွာ၍ နေပြည်တော်သို့ ည ၈ နာရီ မိနစ် ၂၀တွင် ရောက်ရှိမည်ဖြစ်သည်။

အထက်ပါ ရန်ကုန်-မန္တလေး သင်္ကြန်အထူး(အစုန်/အဆန်)ရထားများကို ပဲခူး၊ တောင်ငူ၊ နေပြည်တော်၊ သာစည်ဘူတာများတွင် ရပ်တန့်ပေးမည်ဖြစ်ပြီး နေပြည်တော်-ရန်ကုန် အထူး(အစုန်/အဆန်)ရထားများကို တောင်ငူ၊ ပဲခူး၊ တိုးကြောင်ကလေး ဘူတာများတွင် ရပ်တန့်သွားမည်ဖြစ်သည်။ သင်္ကြန်ကာလအတွင်း ဧပြီ ၁၃ ရက်မှ ၁၆ ရက်အထိ အဆိုပါ အထူးရထားများပြေးဆွဲခြင်းကို ရပ်နားထားမည်ဖြစ်ရာ ခရီးသွားပြည်သူများ အချိန်မီသိရှိစေရန် ကြိုတင်အသိပေးကြေညာထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ငပုတောမြို့နယ် မြို့ဝင်ကမ်းနားလမ်း သန့်ရှင်းသာယာလှပရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတိုးမြင့်အောင်နှင့်အဖွဲ့ဝန်ထမ်းများ မတ် ၁၉ ရက်က မြို့အဝင်ဆိုင်းဘုတ်ပတ်ဝန်းကျင်တွင် မြေယာရှုခင်းအလှ ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

တီဘီရောဂါတိုက်ဖျက်ရေး ညောင်ဦး၌ ဟောပြော

ညောင်ဦး ဧပြီ ၂

ညောင်ဦးမြို့နယ် တောင်ဇင်း တိုက်နယ်ကျန်းမာရေးဌာနတွင် မတ် ၂၄ ရက် နံနက်က ကမ္ဘာ့တီဘီရောဂါ တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ပညာပေးဟောပြောပွဲကျင်းပရာ မန္တလေးဆေးတက္ကသိုလ် နောက်ဆုံးနှစ်အပိုင်း(က)မှ ဆေးတက္ကသိုလ် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြပြီး တီဘီရောဂါ တိုက်ဖျက်ရေးနှင့်စပ်လျဉ်း၍ ဟောပြောခဲ့ကြသည်။ **(အပေါ်ပုံ)**

ပညာပေး

ထို့အပြင် အခမ်းအနားတွင် တီဘီရောဂါလူနာသစ်ရှာဖွေရေး၊ စနစ်တကျဆေးဝါးကုသရေးနှင့် ရောဂါကာကွယ်ရေးအတွက် လှုံ့ဆော်သော တစ်ခန်းရပ်ပြဇာတ်များဖြင့်လည်း ပညာပေးတင်ဆက်ခဲ့ကြကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

လျှပ်စစ်ဓာတ်အားသုံးစွဲမှု သတိပြု

(က) ဟောင်းနွမ်းနေသည့် လျှပ်စစ်မီးကြိုးများကို လဲလှယ်ပေးပါ။
(ခ) လျှပ်စစ်ဒဏ်ခံကြိုးကို ခံနိုင်သည်ထက် ပိုမထည့်ပါနှင့်။
(ဂ) လျှပ်စစ်မီးဖို၊ မီးပူများကို သုံးစွဲပြီးလျှင် (သို့မဟုတ်) လျှပ်စစ်မီး ပျက်လျှင် မီးခလုတ်ပိတ်ပြီး ပလပ်ခေါင်းဖြုတ်ထားပါ။
(ဃ) လျှပ်စစ်ဝိုင်ယာရှော့ဖြစ်လျှင် ပင်မခလုတ်ကိုပိတ်ပြီး ခြောက်သွေ့သော အဝတ်၊ ပိတ်စ စသည်တို့ဖြင့် ရိုက်ပုတ်ဖုံးအုပ်ငြိမ်းသတ်ပါ။
(င) လျှပ်စစ်ဓာတ်အားကို ခံနိုင်အားထက်ပိုမသုံးပါနှင့်။
(စ) ချွတ်ယွင်းနေသော လျှပ်စစ်ပစ္စည်းကိရိယာများကို မသုံးပါနှင့်။

(မီးသတ်ဦးစီးဌာန)

✱ ရှေ့ဖုံးမှ

တည်ဆောက်ခဲ့

အဆိုပါအဆောက်အအုံမှာ (၂၇ × ၁၈)ပေ သွပ်မိုး၊ အုတ်ကာ၊ တမံသလင်းခင်း တစ်ထပ်အဆောက်အအုံဖြစ်ပြီး ကျေးရွာပြည်သူများနှင့် စေတနာရှင် အလှူရှင်များ၏ ထည့်ဝင်လှူဒါန်းငွေ ကျပ် ၃၂ သိန်းဖြင့် ဆောက်လုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

မေတ္တာရှင်စာကြည့်တိုက်အဆောက်အအုံသစ် မိုင်းခတ်မြို့နယ်၌ဖွင့်

ကျိုင်းတုံခရိုင် မိုင်းခတ်မြို့နယ် ပန်နော်လောင်းကျေးရွာတွင် မေတ္တာရှင်စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကို မတ် ၁၁ ရက် နံနက် ၈ နာရီခွဲက အဆိုပါစာကြည့်တိုက်ရှေ့၌ ကျင်းပရာ စာကြည့်တိုက်အဆောက်အအုံသစ်ကို နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီး ကျော်သူ၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုင်းဆမ်တစ်၊ ကျိုင်းတုံခရိုင်ဦးစီးအရာရှိ ဦးခမ်လျန်ဆုမ်းနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးနောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(ဝဲပုံ)**

ထို့နောက် စာကြည့်တိုက်အတွက် နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီး ကျော်သူက ငွေကျပ်သုံးသောင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူးက ငွေကျပ်နှစ်သောင်း တန်ဖိုးရှိ စာအုပ်စာစောင်များ၊ အလှူရှင်များက ပလတ်စတစ်ထိုင်ခုံ နှစ်လုံးနှင့် အလှူငွေများ ပေးအပ်လှူဒါန်းကြရာ ကျေးရွာစာကြည့်တိုက်ကော်မတီ ဥက္ကဋ္ဌ ဦးယာကုပ်က လက်ခံယူခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မြိုင်မြို့နယ်၌ စာကြည့်တိုက်ပန္နက်တင်

ပခုက္ကူခရိုင် မြိုင်မြို့နယ် ဆူးဝင်းအုပ်စု ဆူးဝင်းကျေးရွာ ရတနာဝင်းစာကြည့်တိုက် ပန္နက်တင်မင်္ဂလာအခမ်းအနားကို မတ် ၆ ရက် နံနက်က စာကြည့်တိုက်ဆောက်လုပ်မည့်နေရာ၌ကျင်းပသည်။

ပန္နက်တင်

ပန္နက်တင်အခမ်းအနား၌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်တင်၊ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးဆယ်သန်း၊ စာကြည့်တိုက်ကော်မတီ ဥက္ကဋ္ဌ ဦးကျော်သိန်းတို့က ပန္နက်တင်ပေးကြကာ **(အောက်ပုံ)** မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်သန်းမြင့်က အမွေးနံ့သာရည်ဆွတ်ဖျန်းပေးခဲ့ကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

စာကြည့်တိုက်အတွက် ကျောက်ကြီး၌ အလှူငွေပေးအပ်

တောင်ငူခရိုင် ကျောက်ကြီးမြို့နယ် ငါးဗျက်အင်းကျေးရွာစာကြည့်တိုက်အတွက် အလှူငွေပေးအပ်ပွဲကို ဖေဖော်ဝါရီ ၂၈ ရက် နံနက် ၁၁ နာရီက ကျေးရွာရုံး၌ ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်နော်လော်မူက စာကြည့်တိုက်ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

လက်ခံယူ

ထို့နောက် အလှူငွေပေးအပ်ပွဲကို ဆက်လက်ကျင်းပရာ ဦးအောင်ကြီး-ဒေါ်ခင်နွဲ့ မိသားစုက အလှူငွေကျပ်သုံးသောင်း၊ ကျေးရွာပြည်သူများက အလှူငွေကျပ်သိန်းနှစ်ဆယ်၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးမှူးက နိုင်ငံတော်မတည်ငွေများကို ပေးအပ်လှူဒါန်းကြရာ **(အပေါ်ပုံ)** စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးအုန်းတင်နှင့် ကျေးရွာ ရပ်မိရပ်ဖ ဦးရွှေပြည်တို့က လက်ခံယူကြသည်။ **(မြို့နယ် ပြန်/ဆက်)**

စာကြည့်တိုက် အဆောက်အအုံသစ် ခရမ်းမြို့နယ်၌ဖွင့်

(၆၆)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ခရမ်းမြို့နယ် ပေါက်ပင်ကျေးရွာ၌ သုတပဒေသာစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကို မတ် ၂၆ ရက် နံနက် ၈ နာရီက အဆိုပါ စာကြည့်တိုက်ရှေ့၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်မြင့်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနဦးစီးမှူး ဒေါ်အိဇာလှိုင်၊ ကျေးရွာရပ်မိရပ်ဖ ဦးယဉ်ရွှေးတို့က စာကြည့်တိုက်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

ပေးအပ်လှူဒါန်း

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူးက သုတရသစာအုပ် စာစောင်များနှင့် ဗီရိုတစ်လုံး၊ မြို့နယ်ဦးစီးမှူးက သုတရသစာအုပ်စာစောင်များနှင့် ရေဒီယိုတစ်လုံး၊ ကျေးရွာအလှူရှင်များက စားပွဲတစ်လုံး၊ ကုလားထိုင်နှစ်လုံးနှင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းရာ ကျေးရွာစာကြည့်တိုက်ကော်မတီ ဥက္ကဋ္ဌက လက်ခံယူခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

စာကြည့်တိုက် အဆောက်အအုံသစ် မန်စီ၌ဖွင့်

ဗန်းမော်ခရိုင် မန်စီမြို့နယ် မံမကောက်ကျေးရွာ သုတပဒေသာ စာကြည့်တိုက် အဆောက်အအုံသစ် ဖွင့်ပွဲနှင့် စာအုပ်စာစောင်၊ ပရိဘောဂ၊ ငွေပဒေသာပင်လှူဒါန်းပွဲကို မတ် ၂၃ ရက် နံနက် ၈ နာရီက အဆိုပါ စာကြည့်တိုက်အဆောက်အအုံရှေ့၌ ကျင်းပရာ စာကြည့်တိုက် အဆောက်အအုံသစ်ကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်အုန်း၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နန်းမြမြဝင်း၊ မြို့နယ်ဦးစီးမှူး ဒေါ်ဖြိုးဖြိုးကြိုင်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးချောတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

လက်ခံယူ

အခမ်းအနားတွင် အလှူရှင်များက ငွေကျပ် ၂၂ သိန်းတန်ဖိုးရှိ သုတရသ စာအုပ် ၂၆၅၀၊ ငွေပဒေသာပင်အတွက် ငွေကျပ် ၆၅၅၀၀၀၊ ဦးထွန်းထွန်း-ဒေါ်ဝေဝေမိသားစုက ငွေကျပ် ၂၅၀၀၀၀၊ အလှူရှင် ဦးကျော်လွင်-ဒေါ်ထွေးညိုမိသားစုကမှန်ဗီရို သုံးခု၊ ဦးဖိုးဇော်-ဒေါ်ထွေးရီ၊ ဒေါ်သန်းခင်မိသားစုက မှန်ဗီရိုသုံးခုစသဖြင့် ပေးအပ်လှူဒါန်းကြရာ စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌဒေါ်ထွေးရီက လက်ခံယူခဲ့ကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

(၆၆)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြု အမြို့မြို့အနယ်နယ်၌ လမ်း၊တံတားသစ်များဖွင့်

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့နယ် မုံးပေါ်ကျေးရွာနှင့် ငြိမ်းအေးမြေရိပ်သာဆက်သွယ်သည့် ကတ္တရာလမ်းသစ်ဖွင့်ပွဲကို မတ် ၂၅ ရက်က အဆိုပါလမ်းသစ်မုခ်ဦး၌ ကျင်းပရာ နယ်မြေခံတပ်နယ်မှ ဒုတိယဗိုလ်မှူးကြီး စိုးကျော်သူ၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးမိုးဟိန်း၊ မူဆယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသက်ပိုင်နှင့် ရပ်မိရပ်ဖ ဦးကိန်မိုင်တို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

မြောက်ဦးမြို့နယ် ရွှေဘန်းကတ္တရာလမ်းသစ်ဖွင့်ပွဲကို မတ် ၂၁ ရက်က ကျင်းပရာ နယ်မြေခံတပ်နယ်မှ ဒုတိယဗိုလ်မှူးကြီး မျိုးဆက်အောင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းနိုင်ထွန်းနှင့် အမှုဆောင်အရာရှိ ဦးဦးချစ်မောင်တို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

ထားဝယ်မြို့နယ် စံပယ်လမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကို မတ် ၂၁ ရက်က ကျင်းပရာ တနင်္သာရီတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးမြင့်တိုး၊ တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးလှမျိုးနှင့် လမ်းဖြစ်မြောက်ရေးကော်မတီ ဦးဇော်မြင့်ဦးတို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့နယ် နတ်သံကွင်း ဈေးသွားလမ်း(၃) ဂဝံလမ်းသစ်ဖွင့်ပွဲကို မတ် ၁၉ ရက်က အဆိုပါလမ်း မုခ်ဦးရှေ့၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်ခိုင်၊ စည်ပင်အမှုဆောင်အရာရှိ ဦးကျော်စွာလင်းနှင့် ရပ်မိရပ်ဖ ဦးမြမောင်တို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ် ကျေးရွာချင်းဆက် မတော့ချောင်း တံတားဖွင့်ပွဲကို မတ် ၁၂ ရက်က ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဉာဏ်လှိုင်နှင့် ရပ်မိရပ်ဖ ဦးမြင့်ဆွေတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (၀၉၃)

3-4 (07).pmd 1 4/3/2011, 3:42 AM

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်း ထွန်းဖောင်ဒေးရှင်း တစ်သက်တာစာပေဆုရ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ နာယက ဆရာကြီး ဦးလှမြိုင်(ကိုဆောင်း) အား ဂုဏ်ပြုဆုတံဆိပ်နှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ အတ္ထုပ္ပတ္တိဘာသာရပ်တွင် ‘‘သံတမန်တစ်ဦး၏ မှတ်တမ်း’’ စာအုပ်ဖြင့် ဆုရရှိသည့် ထွန်းဦးတင်အား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

◆ *ကျော်ဖုံးမှ*

အမျိုးသားရေးတာဝန်

ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်းက အမှာစကားပြောကြားရာ၌ ထွန်းဖောင်ဒေးရှင်း စာပေကော်မတီ၏ ပဉ္စမအကြိမ် ထွန်းဖောင်ဒေးရှင်း (၂၀၁၀) စာပေဆုများတွင် စီးပွားရေးဆိုင်ရာ၊ ကျန်းမာကြံ့ခိုင်ရေးဆိုင်ရာ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာနှင့် ယဉ်ကျေးမှုဆိုင်ရာ ကဏ္ဍစုံအတွက် စာအုပ်နှင့် စာမူဆုများ ချီးမြှင့်ထားသည်ကို တွေ့ရပါကြောင်း၊ ယနေ့အချိန်သည် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ပေါ်ထွက်လာသည့် အစိုးရအသစ်က ပြည်သူများအတွက် ဆောင်ရွက်ပေးမည့် အကြောင်းအရာများကို နိုင်ငံတော်သမ္မတ၏ မိန့်ခွန်းများတွင် ပြောကြားထားခဲ့ပြီးဖြစ်ပါကြောင်း၊ စီးပွားရေးပိုင်း၌ ဈေးကွက်စီးပွားရေးစနစ်ကို ဖော်ဆောင်နေသည့် ယခုလို အချိန်အခါမျိုးတွင် ပြည်သူလူထုအနေဖြင့် သိသင့်သိအပ်သော ဘဏ်လုပ်ငန်းဆိုင်ရာ ဥပဒေစာအုပ်၊ ငွေကြေးဆိုင်ရာ စာအုပ်များအား ထွန်းဖောင်ဒေးရှင်းစာပေဆုတွင် ထည့်သွင်း ချီးမြှင့်ထားသည်ကို တွေ့ရှိရပါကြောင်း၊ တစ်ဖက်တွင်လည်း Globalization ဟုခေါ်သည့် ကမ္ဘာတစ်ဝန်း တိုးတက်ပြောင်းလဲမှု အစဉ်ဖြစ်ပေါ်နေချိန်မျိုးတွင် မိမိတို့၏ အမျိုးသားစရိုက် လက္ခဏာနှင့် ရိုးရာယဉ်ကျေးမှု အစဉ်အလာများအား ထိန်းသိမ်းမြှင့်တင်ပေးရန် အထူးလိုအပ်

ထွန်းဖောင်ဒေးရှင်း စာပေကော်မတီဥက္ကဋ္ဌ အငြိမ်းစားသံအမတ်ကြီး ဦးသက်ထွန်း ရည်ညွှန်းကျမ်းစာအုပ်တွင် ‘‘ပို့ကုန်သွင်းကုန်လုပ်ငန်း အသုံးအနှုန်းများ’’ စာအုပ်ဖြင့် ဆုရရှိသည့် မောင်ရေအေး(ဟားဗတ်တက္ကသိုလ်)အား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

လျက်ရှိရာ ယဉ်ကျေးမှုနှင့်ပတ်သက်၍ မြန်မာ့ရိုးရာ ခြင်းလုံးအားကစားအကြောင်းသိကောင်းစရာ စာအုပ်မျိုးကို ဆုအဖြစ် ရွေးချယ်ထားခဲ့သည့်အတွက် တိမ်မြုပ်နေသော မြန်မာ့ရိုးရာ ခြင်းခတ်အားကစားနည်းတစ်ခုအား ပြန်လည်ဖော်ထုတ်ပေးထားသည်ကို တွေ့ရှိနိုင်ပါကြောင်း၊ အလားတူပင် မြန်မာ့ယဉ်ကျေးမှုနှင့်စပ်လျဉ်းသည့် ဖော်ထုတ်သင့်သော အစဉ်အလာ အမွေအနှစ်များကို နိုင်ငံတကာသို့ ဖော်ထုတ်ပြသနိုင်ရေး ကြိုးပမ်းသင့်ကြပါကြောင်း၊ ယခု ထွန်းဖောင်ဒေးရှင်း စာပေဆုရ စာအုပ်၊ စာမူများသည် အနာဂတ်နိုင်ငံတော်ကို တည်ဆောက်ရာတွင် များစွာအထောက်အပံ့ပေးနိုင်သည့် စာအုပ်၊ စာမူများပင်ဖြစ်ပါကြောင်း၊ နိုင်ငံတော်အနေနှင့် စာပေဖွံ့ဖြိုးတိုးတက်ရေးအတွက် အမျိုးသားစာပေဆု၊ စာပေဗိမာန်စာမူဆုများကို နှစ်စဉ် ချီးမြှင့်ပေးလျက်ရှိပါကြောင်း၊ အမျိုးသားစာပေဆု ၁၄ဆု ချီးမြှင့်ပြီး စာပေဗိမာန်စာမူဆုအတွက်လည်း အမျိုးအစား ၁၂မျိုးကို တစ်မျိုးလျှင် ပထမ၊ ဒုတိယနှင့် တတိယဟူ၍ ခွဲခြားချီးမြှင့်ပေးလျက်ရှိပါကြောင်း၊ သို့သော်လည်း စာပေလောကနှင့် လောကသားများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စာပေဆု၊ စာမူဆုများ ပိုမိုချီးမြှင့်ပေးရန် များစွာ လိုအပ်လျက်ရှိနေသေးပါကြောင်း၊ ယင်းသို့သော အချိန်အခါမျိုးတွင် ပခုက္ကူဦးအုန်းဖေစာပေဆု၊ သုတစွယ်စုံ စာပေဆုနှင့် ဆရာဝန်တင်ရွှေစာပေဆုများ နှစ်စဉ်ကျင်းပချီးမြှင့်ပေးနေကြခြင်း၊ ယခု ထွန်းဖောင်ဒေးရှင်းက ထွန်းဖောင်ဒေးရှင်း စာပေဆုများအား ပဉ္စမအကြိမ်အထိ ချီးမြှင့်နိုင်ခဲ့ခြင်းတို့မှာ စာပေကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်းကောင်း၊ စာဖတ်သူ ပြည်သူလူထုအတွက်လည်းကောင်း လိုအပ်နေသော ကွက်လပ်များကို အားဖြည့်ကူညီပေးရာရောက်ပါကြောင်း၊ ယခုကဲ့သို့ စာပေဆုများ ချီးမြှင့်ပေးခြင်းသည် နိုင်ငံတော်၏ အမျိုးသားရေးတာဝန်ကို ကြိုးပမ်းဖြည့်ဆည်းဆောင်ရွက်ပေးခြင်းဖြစ်ပါကြောင်း စသည်ဖြင့် ပြောကြားသည်။

ထို့နောက် ထွန်းဖောင်ဒေးရှင်း စာပေဆုကော်မတီ နာယက ထွန်းဖောင်ဒေးရှင်းဘဏ်ဥက္ကဋ္ဌ ဦးသိန်းထွန်းက နှုတ်ခွန်းဆက်စကားပြောကြားသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ ထွန်းဖောင်ဒေးရှင်း စာပေကော်မတီဥက္ကဋ္ဌ အငြိမ်းစားသံအမတ်ကြီး ဦးသက်ထွန်းက ထွန်းဖောင်ဒေးရှင်း စာပေဆုနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ထွန်းဖောင်ဒေးရှင်းစာပေဆု ရွေးချယ်ရေးကော်မတီဝင် မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ နာယက ဦးမြင့်ကြွယ်က ဆုရွေးချယ်ရေးအဖွဲ့၏ မှတ်ချက်အကျဉ်းကို တင်ပြသည်။

ယင်းနောက် ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်းက ထွန်းဖောင်ဒေးရှင်း တစ်သက်တာစာပေဆုရ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ နာယက ဆရာကြီး ဦးလှမြိုင်(ကိုဆောင်း)အား ဂုဏ်ပြုဆုတံဆိပ်နှင့် ငွေသားဆုများကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေက အတ္ထုပ္ပတ္တိဘာသာရပ်တွင် ‘‘သံတမန်တစ်ဦး၏ မှတ်တမ်း’’ စာအုပ်ဖြင့် ဆုရရှိသည့် ထွန်းဦးတင်အား ဆုပေးအပ်ချီးမြှင့်သည်။

ဆုများချီးမြှင့်

ဆက်လက်၍ စီးပွားရေးဘာသာရပ်တွင် ‘‘ဘဏ်လုပ်ငန်းဆိုင်ရာ အထင်ကရ စီရင်ထုံးဥပဒေ၊ ပြဋ္ဌာန်းဥပဒေနှင့် အပြည်ပြည်ဆိုင်ရာ လိမ်လည်

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေ[...] ဦးကျော်ဆန်းနှင့် ရန်ကုန်တိုင်းဒေသကြီး ဝန်[...] ပဉ္စမအကြိမ် ထွန်းဖောင်ဒေးရှင်း (၂၀၁၀)စာ[...] အနားသို့ တက်ရောက်လာကြသူများအား ရင်း[...]

မှုများ’’စာအုပ်ဖြင့် ဆုရ မောင်လှသောင်း(ဘဏ်)၊ စာပဒေသာဘာသာရပ်တွင် ‘‘ဒုတိယကမ္ဘာစစ်ကြီးအတွင်း ဂျပန့်လက်အောက်ရောက်ခဲ့စဉ်’’ စာအုပ်ဖြင့် ဆုရ ပြည့်စုံ(သွေးသောက်)၊ ရည်ညွှန်းကျမ်းစာအုပ်တွင် ‘‘ပို့ကုန်သွင်းကုန်လုပ်ငန်းအသုံးအနှုန်းများ’’စာအုပ်ဖြင့် ဆုရ မောင်ရေအေး (ဟားဗတ်တက္ကသိုလ်)၊ ရှေးဟောင်းကျမ်းဘာသာရပ်တွင် ‘‘ကုန်းဘောင်ခေတ် ဘုရင်များ မုဒ္ဒါဘိသိက်ခံယူပုံ(စာပေါင်းချုပ်)’’စာအုပ်ဖြင့် ဆုရ ထွန်းရီ(ရှေးဟောင်းသုတေသီ)၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဘာသာရပ်တွင် ‘‘ဥတုရာသီပြောင်းခဲ့ပြီ’’ စာအုပ်ဖြင့် ဆုရ ကျော်ဦး၊ ယဉ်ကျေးမှုဘာသာရပ်တွင် ‘‘မြန်မာ့ရိုးရာ ခြင်းလုံးအားကစားအကြောင်း သိကောင်းစရာနှင့် လွယ်ကူမှန်ကန်သည့် ခြင်းလုံးခတ် လေ့ကျင့်နည်းများ’’စာအုပ်ဖြင့် ဆုရ ပီကင်းပြန် ဝင်းကို(အင်း၀)၊ ကျန်းမာကြံ့ခိုင်ဘာသာရပ်တွင် ‘‘အခြေခံ

သမားကျင့်ဝတ်နှင့် ဆေးပညာကျင့်ဝတ်ဆိုင်ရာ[...] ဖြင့် ဆုရ ဒေါက်တာမြင့်ဦး(ဂျီပီ)၊ စီးပွားရေး([...] ‘‘Money Matters Essays on Mon[...] စာအုပ်ဖြင့် ဆုရ မြတ်သိန်း၊ စာပဒေသာဘာသာ[...] တေးနှင့် အောက်မေ့ဖွယ်’’ စာမူဖြင့် ဆုရ စိန်[...] ဘာသာရပ်တွင် ‘‘Revealing Myanmar'[...] ogy of Archaeological Articles’’ စာ[...] သမိုင်းဘာသာရပ်တွင် ‘‘ပဲခူး(ဟံသာဝတီ)တ[...] စာမူဖြင့် ဆုရ မောင်ယဉ်လှိုင်(ပျဉ်းမမြိုင်)၊ [...] ‘‘အလှကိုယ်စီ ပန်းလိုသီ ကလေးကဗျာများ’’[...] မောင်မြင့်သူ၊ ယဉ်ကျေးမှုဘာသာရပ်တွင် ‘‘ ရ[...] စာမူဖြင့်ဆုရ ရန်ကုန်ငွေဇော်၊ ရှေးဟောင်းကျမ်းဘ[...] နိုင်မော်ကွန်း (လက်ဝဲနော်ရထာ)’’စာမူဖြင့်ဆု[...] စီးပွားရေးဘာသာရပ်တွင် ‘‘ရွှေအကြောင်း သိ[...] ဖြင့် ဆုရ ကိုမော်(အောင်သမာဓိ)တို့အား [...] ယဉ်ကျေးမှုနှင့် သာသနာရေးဝန်ကြီးဌာန ဝ[...] ထွန်းဖောင်ဒေးရှင်း စာပေဆုကော်မတီ နာယက[...] ဥက္ကဋ္ဌ ဦးသိန်းထွန်းနှင့် ထွန်းဖောင်ဒေးရှင်း [...] ထွန်းဖောင်ဒေးရှင်း စာပေဆုရွေးချယ်ရေးကော်[...] သူများက ဆုရရှိကြသူများအား ဆုများ ပေးအ[...]

ထို့နောက် ထွန်းဖောင်ဒေးရှင်းစာပေ[...] ထွန်းဖောင်ဒေးရှင်းဘဏ် ဥက္ကဋ္ဌ ဦးသိန်းထွန်[...] စာပေဆု ရွေးချယ်ရေးကော်မတီသို့ ဂုဏ်ပြုလ[...] ဆုရွေးချယ်ရေး ကော်မတီဝင် ဒေါ်မြမြသန်း(မ[...]

ကြည့်ရှုအားပေး

အခမ်းအနားအပြီးတွင် ပြန်ကြားရေးဝန်[...] ဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်းနှင့် ရန်ကုန်တ[...] ဦးမြင့်ဆွေတို့သည် အခမ်းအနားသို့ တက်ရောက်[...] နှီးနှီး နှုတ်ဆက်ပြီး မြေညီထပ်၌ ခင်းကျင်းပြ[...] ထွန်းဖောင်ဒေးရှင်း (၂၀၁၀)စာပေဆုရ စာအ[...] ထွန်းဖောင်ဒေးရှင်းဘဏ်မှ ထုတ်ဝေသည့် စာအု[...] ကြသည်။

ထွန်းဖောင်ဒေးရှင်းသည် မြန်မာစာပေလော[...] စာဖတ်ပရိသတ် တိုးပွားရေး၊ စာကောင်းပေမွန်မျ[...] တစ်နည်းတစ်လမ်းမှ ပါဝင်ထောက်ကူသောအ[...] စာပေဆုကို ၂၀၀၅ ခုနှစ်မှ စတင်အကောင်အထ[...] ချီးမြှင့်နိုင်ရန် စာအုပ်၊ စာမူများကို နှစ်စဉ်ဖိတ်[...]

ပဉ္စမအကြိမ် ထွန်းဖောင်ဒေးရှင်း (၂၀၁၀)[...] အနားတွင် တစ်သက်တာစာပေဆုနှင့် မြန်မာ[...] စာမူဆု ခြောက်ဆု၊ အင်္ဂလိပ် ဘာသာဖြင့် စာအ[...] တစ်ဆု စုစုပေါင်း ၁၇ဆု ပေးအပ်ချီးမြှင့်ခဲ့ကြ[...]

ထောက်ကူမှုလုပ်ငန်း[...]

ထွန်းဖောင်ဒေးရှင်းသည် စာပေယဉ်ကျေး[...] ထုတ်ဝေရေးနှင့် စာပေဆု၊ စာမူဆု ရွေးချယ်ချီး[...]

သမားကျင့်ဝတ်နှင့် ဆေးပညာကျင့်ဝတ်ဆိုင်ရာ ဆောင်းပါးများ'' စာအုပ်ဖြင့် ဆုရ ဒေါက်တာမြင့်ဦး(ဂျီပီ)၊ စီးပွားရေး(အင်္ဂလိပ်) ဘာသာရပ်တွင် ''Money Matters Essays on Money and Banking'' စာအုပ်ဖြင့် ဆုရ မြတ်သိန်း၊ စာပဒေသာဘာသာရပ်ဖြင့် ''ခေတ်ဟောင်းတေးနှင့် အောက်မေ့ဖွယ်'' စာမူဖြင့် ဆုရ စိန်သွေး၊ သမိုင်း(အင်္ဂလိပ်) ဘာသာရပ်တွင် ''Revealing Myanmar's Past; An Anthology of Archaeological Articles'' စာမူဖြင့် ဆုရ မြင့်အောင်၊ သမိုင်းဘာသာရပ်တွင် ''ပဲခူး(ဟံသာဝတီ)တစ်ခွင်မှာ လေ့လာစရာ'' စာမူဖြင့် ဆုရ မောင်ယဉ်လှိုင်း(ပျဉ်းမမြိုင်)၊ ကလေးဘာသာရပ်တွင် ''အလှကိုယ်စီ ပန်းလိုသီ ကလေးကဗျာများ''စာမူဖြင့် ဆုရ မြေလတ်မောင်မြင့်သူ၊ ယဉ်ကျေးမှုဘာသာရပ်တွင် '' ရသစုံလင် အမြင့်သဘင်'' စာမူဖြင့်ဆုရ ရန်ကုန်ဌေးဇော်၊ ရှေးဟောင်းကျမ်းဘာသာရပ်တွင် ''ယိုးဒယားနိုင်မော်ကွန်း (လက်ဝဲနော်ရထာ)''စာမူဖြင့်ဆုရဒေါက်တာ ရီရီခင်နှင့် စီးပွားရေးဘာသာရပ်တွင် ''ရွှေအကြောင်း သိကောင်းစရာများ'' စာမူဖြင့် ဆုရ ကိုမော်(အောင်သမာဓိ)တို့အား ရန်ကုန်တိုင်းဒေသကြီး ယဉ်ကျေးမှုနှင့် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါ်စန်းစန်းနွယ်၊ ထွန်းဖောင်ဒေးရှင်း စာပေဆုကော်မတီ နာယက ထွန်းဖောင်ဒေးရှင်းဘဏ် ဥက္ကဋ္ဌ ဦးသိန်းထွန်းနှင့် ထွန်းဖောင်ဒေးရှင်း စာပေဆုကော်မတီဝင်များ၊ ထွန်းဖောင်ဒေးရှင်း စာပေဆုရွေးချယ်ရေးကော်မတီဝင်များနှင့် တာဝန်ရှိသူများက ဆုရရှိကြသူများအား ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ထွန်းဖောင်ဒေးရှင်းစာပေဆု ကော်မတီနာယက ထွန်းဖောင်ဒေးရှင်းဘဏ် ဥက္ကဋ္ဌ ဦးသိန်းထွန်းက ထွန်းဖောင်ဒေးရှင်း စာပေဆု ရွေးချယ်ရေးကော်မတီသို့ ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ရာ ဆုရွေးချယ်ရေး ကော်မတီဝင် ဒေါ်မြမြသန်း(မနှင်းဖွေး)က လက်ခံသည်။

ကြည့်ရှုအားပေး

အခမ်းအနားအပြီးတွင် ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်းနှင့် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေတို့သည် အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ပြီး မြေညီထပ်၌ ခင်းကျင်းပြသထားသည့် ပဉ္စမအကြိမ် ထွန်းဖောင်ဒေးရှင်း (၂၀၁၀)စာပေဆုရ စာအုပ်များ၊ ဆုရစာမူများနှင့် ထွန်းဖောင်ဒေးရှင်းဘဏ်မှ ထုတ်ဝေသည့် စာအုပ်များကို ကြည့်ရှုအားပေးကြသည်။

ထွန်းဖောင်ဒေးရှင်းသည် မြန်မာစာပေလောက ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ပရိသတ် တိုးပွားရေး၊ စာကောင်းပေမွန်များ ပေါ်ထွန်းလာရေးတို့ကို တစ်နည်းတစ်လမ်းမှ ပါဝင်ထောက်ကူသောအားဖြင့် ထွန်းဖောင်ဒေးရှင်း စာပေဆုကို ၂၀၀၅ ခုနှစ်မှ စတင်အကောင်အထည်ဖော်ခဲ့ပြီး ဆုများရွေးချယ်ချီးမြှင့်နိုင်ရန် စာအုပ်၊ စာမူများကို နှစ်စဉ်ဖိတ်ခေါ်ခဲ့သည်။

ပဉ္စမအကြိမ် ထွန်းဖောင်ဒေးရှင်း (၂၀၁၀) စာပေဆုချီးမြှင့်ပွဲ အခမ်းအနားတွင် တစ်သက်တာစာပေဆုနှင့် မြန်မာစာအုပ်ဆု ရှစ်ဆု၊ မြန်မာ

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်းနှင့် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေတို့ ပဉ္စမအကြိမ် ထွန်းဖောင်ဒေးရှင်း (၂၀၁၀)စာပေဆု ချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

စာမူဆု ခြောက်ဆု၊ အင်္ဂလိပ် ဘာသာဖြင့် စာအုပ်ဆု တစ်ဆုနှင့် စာမူဆု တစ်ဆု စုစုပေါင်း ၁၇ဆု ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

ထောက်ကူမှုလုပ်ငန်း

ထွန်းဖောင်ဒေးရှင်းသည် စာပေယဉ်ကျေးမှုလုပ်ငန်းဖြစ်သည့် စာပေထုတ်ဝေရေးနှင့် စာပေဆု၊ စာမူဆု ရွေးချယ်ချီးမြှင့်ရေး လုပ်ငန်းများသာမက ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးဆိုင်ရာ ထောက်ကူမှုလုပ်ငန်းများကိုလည်း ဆောင်ရွက်ပေးလျက်ရှိသည်။

ပညာရေးဖွံ့ဖြိုးမှု အထောက်အပံ့ဆိုင်ရာလုပ်ငန်းအဖြစ် တက္ကသိုလ်ဝင်တန်းအောင်ပြီး ပညာရည်ထူးချွန်သူ၊ ငွေကြေးချို့တဲ့သူများအတွက် တက္ကသိုလ်ပညာသင်ထောက်ပံ့ကြေးဆုများကိုလည်း နှစ်စဉ် စိစစ်ရွေးချယ် ထောက်ပံ့လျက်ရှိသည်။

ထောက်ပံ့ပေး

ယင်းသို့ ချီးမြှင့်ရာတွင် ပညာသင်နှစ်အလိုက် ဆေးတက္ကသိုလ်၊ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်အပါအဝင် တက္ကသိုလ်၊ ကောလိပ် ခုနစ်ခုတို့မှ ကျောင်းသား ကျောင်းသူ ၄၈ဦးအား နှစ်စဉ် စိစစ်ရွေးချယ်ပြီး ဆုချီးမြှင့်ခဲ့သည်။ ယခု ၂၀၁၁-၂၀၁၂ ပညာသင်နှစ်အထိ တက္ကသိုလ်ကျောင်းသား ကျောင်းသူ ၂၄၈ဦးအား စုစုပေါင်း ငွေကျပ်သိန်း ၁၈၀၀ ကျော် ထောက်ပံ့ပေးပြီးဖြစ်သည်။

ကျန်းမာရေးကဏ္ဍတွင်လည်း အခမဲ့ နယ်လှည့်ကျန်းမာရေးဆေးကုသမှုလုပ်ငန်းစီမံကိန်း (Tun Foundation Health Care Project) ဖွဲ့စည်းလျက် နယ်မြေဒေသ ငါးခုသို့ ကွင်းဆင်းဆေးကုသမှု ဆောင်ရွက်ခဲ့သည့်အပြင် ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ်၌ ခုတင်(၂၀၀)ဆံ့ စီမံကိန်း (Tun Foundation Nonprofit Hospital) တည်ဆောက်ရေးအတွက် စီမံကိန်းချမှတ်ဆောင်ရွက်လျက်ရှိသည်။

တက္ကသိုလ်၊ ကောလိပ်များ၌ တက်ရောက်ပညာသင်ယူနေကြသည့် ကျောင်းသား ကျောင်းသူများ၊ စာပေမြတ်နိုးသူများ၊ ကျမ်းပြုလိုသူများအတွက် References စာကြည့်တိုက်ဖြစ်လာစေရန်ရည်ရွယ်၍ ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဦးဝိစာရလမ်း အမှတ် (၂၂၄-ဘီ) ၌ ထွန်းဖောင်ဒေးရှင်း မြန်မာ့အရင်းအမြစ်ဖွံ့ဖြိုးမှုစင်တာ စာကြည့်တိုက်ကို ဖွင့်လှစ်ထားရှိရာ မြန်မာစာအုပ်ပေါင်း ၃၇၄၈အုပ်၊ အင်္ဂလိပ်စာအုပ်ပေါင်း ၂၈၉၀၁အုပ် စုစုပေါင်း ၃၂၆၄၉အုပ် ရှိသည်။

ထိုက်ထိုက်တန်တန်ချီးမြှင့်

ထွန်းဖောင်ဒေးရှင်းသည် မြန်မာ့ပန်းချီ အနုပညာများဖွံ့ဖြိုးရေးအတွက် ထွန်းဖောင်ဒေးရှင်း ပန်းချီပြိုင်ပွဲကို တတိယအကြိမ်မြောက် ပြုလုပ်နိုင်ခဲ့ပြီး ပန်းချီအနုပညာရှင်များအား ဆုများ ထိုက်ထိုက်တန်တန် ချီးမြှင့်ခဲ့သည်။

ထို့အပြင် ထွန်းဖောင်ဒေးရှင်းသည် ဘာသာရေး၊ သာသနာရေးကိုလည်း ထောက်ပံ့ကူညီမှုများပေးလျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

အလယ်ပိုင်းဒေသများ နေ့အပူချိန်အနည်းငယ်တိုးလာနိုင်

နေပြည်တော် ဧပြီ ၂

ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့သည်။ နေ့အပူချိန်များမှာ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိ၊ ပဲခူးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် ဧပြီလ၏ပျမ်းမျှအပူချိန်တို့အောက် ၅ ဒီဂရီစင်တီဂရိတ်လျော့နည်းခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

ဧပြီ ၃ ရက် ညနေအထိခန့်မှန်းချက်မှာ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျားမိုးထစ်ချုန်း ရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအလယ်ပိုင်းဒေသများတွင် နေ့အပူချိန်များ အနည်းငယ်တိုးလာနိုင်သည်။

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာဖွယ်ရာရှိသည်။ ရွာရန်ရာနှုန်း ၄၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၃-၄-၂၀၁၁ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

- ၅:၀၀ MRTV-4 အဖွင့် Logo ပဋ္ဌာန်းပါဠိတော်+ပရိတ်နိဒါန်း၊ မင်္ဂလသုတ်
- ၅:၂၀ MRTV-4 သတင်း
- ၅:၅၀ **ဗုဒ္ဓမြတ်စွာရတနာ** တရားတော် (ယောဆရာတော် ဘဒ္ဒန္တသိရိန္ဒာဘိဝံသ)
- ၆:၅၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မင်းအတွက်ဆိုရင်** (အပိုင်း-၆၂)
- ၇:၃၀ MRTV-4 သတင်း
- ၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အနားမညီအချစ်** (အပိုင်း-၂၀)
- ၈:၄၅ April Music Show (Part -2)
- ၉:၃၀ Sunday Talk (အတ္တကျော်၊ မျိုးမြတ်သူ)
- ၁၀:၀၅ မျှော်လင့်ခြင်းခရီးစဉ်ဖြစ်ရုပ်မှန် (၇) (သွေးကင်ဆာ)
- ၁၀:၃၀ ခါသကြန်အဆိုအကများ
- ၁၀:၄၀ ဗီဒီယိုပြခန်း
- ၁၁:၀၀ ဈေးဝယ်လမ်းညွှန် (925 မော်ပဝါ)
- ၁၁:၂၀ Miss Eushido 2011 ၏ အလှဘုရင်မ ရွေးချယ်ပွဲကြီး
- ၁၁:၄၀ ခြေခြေမြစ်မြစ်နှစ်နှစ်ကာကာ ချစ်တဲ့ကာလပေါ်တေးအရသာ (စန္ဒရား တင်ဝင်းလှိုင်၊ (အဝေမ်းတင်တင်လှ)
- ၁၂:၀၅ တော်ဝင်ပလာဇာမှ စုပေါင်းဈေးရောင်းပွဲတော်
- ၁၂:၁၀ ရန်ကုန်မြင်ကွင်းကျယ် (Kanebo 10th Anniversary Time Show)
- ၁၂:၃၅ ဝိနည်းတော်နှင့်ညီသည့် သင်္ကန်းဟူသည်
- ၁:၀၀ **ဗုဒ္ဓမြတ်စွာရတနာ** တရားတော် (ယောဆရာတော် ဘဒ္ဒန္တသိရိန္ဒာဘိဝံသ)
- ၂:၀၀ MRTV-4 သတင်း
- ၂:၂၀ **စကားနပန်း** လွမ်းတတ်တာ ကောင်းတယ်၊ မလွမ်းတတ်တာ ကောင်းတယ်
- ၃:၂၅ ခါသကြန်အဆိုအကများ
- ၃:၃၅ အနာဂတ်ဘဝလှပကြသူများ၏ RV! Students Gathering Day
- ၃:၅၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အနားမညီအချစ်** (အပိုင်း-၂၀)
- ၄:၄၅ Global Panorama (ကိုကိုလှိုင်၊ မျိုးမြတ်သူ)
- ၅:၁၀ သွားမယ်စားမယ် (Myasabel)
- ၅:၃၀ ဂဏန်းသင်္ချာပျော်စရာ (အပိုင်း-၅)
- ၆:၀၀ MRTV-4 သတင်း
- ၆:၂၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မင်းအတွက်ဆိုရင်** (အပိုင်း-၆၃)
- ၇:၁၅ April Music Show (Part-3)
- ၈:၀၀ MRTV-4 သတင်း
- ၈:၃၀ Kid' s Show
- ၉:၀၀ ပန်းချီပြခန်း [ဟသ်ာပန်းချီပြခန်း၏ (၁၀) နှစ်မြောက်နှစ်ပတ်လည်ပြပွဲ]
- ၉:၂၅ **Barclays Premier League Man City Vs Sunderland**
- ၁၁:၂၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အနားမညီအချစ်** (အပိုင်း-၂၁)
- ၁၂:၀၀ ခါသကြန်အဆိုအကများ
- ၁၂:၂၀ နယည်ဆန်းတွင်သစ်သီးအလှဆင် (အရုံပင်းလျာအလှဆင်နည်း)
- ၁၂:၄၅ မှတ်မှတ်ရရရှိစေဖို့ ကယားဒေသဟင်းထုပ်
- ၁၂:၅၀ ဆန်းသစ်တီထွင် ကချင်ဒီဇိုင်းဖက်ရှင်
- ၁:၁၅ တော်ဝင်အလှတို့ ဖန်တီးဖြစ်တည်ရာ
- ၁:၂၅ လှပချစ်စရာလက်မှုအနုပညာ (Sweet Pink)
- ၁:၅၀ မြေကြီးကရွှေသီးဖို့ ရေထိန်းသဘာဝဂျယ်ကိုသုံးကြစို့
- ၂:၀၀ မြန်မာနိုင်ငံရေကြောင်းပညာ တက္ကသိုလ်အကြောင်း သိကောင်းစရာ (ဒေါက်တာ ချာလီသန်း၊ မောင်ကြင်နာ၊ ထွန်းနေစိုး)
- ၂:၄၅ ရွှေနန်းဆန်ဆန်ပုဂံဟန်ပန် Aureum Palace အသွင်သဏ္ဌာန်
- ၃:၀၀ Celebrity Profile (Lee Byaung Hun)
- ၃:၅၀ စမ်းသပ်စိုက်ပျိုးဝင်ငွေတိုး (ဖရုံသခွားစိုက်ပျိုးနည်း)
- ၄:၁၀ စိတ်ဝင်စားစရာ ကျောက်မျက်ကမ္ဘာ (မြန်မာ့ကျောက်စိမ်း မြန်မာ့အနုပညာ)
- ၄:၃၀ လောကကိုအလှဆင်မည့် ပန်းများရဲ့ဥယျာဉ်
- ၄:၅၀ ရွှေကျင်မြေတွင်တည်ထားပူဇော် ဆံတော်ရှင် အရှေ့မဟာဗုဒ္ဓ ဘုရားကြီး(ခေါ်) မွေတော်မွန်ဓရာဇ်စေတီတော်
- ၅:၀၀ အစီအစဉ်ပြီး၏။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက် တို့တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ တောင်ကြီးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Barclays Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်းများ
၆:၅၅	Fulham - Blackpool	ESPN (Live)
၉:၂၅	Man City - Sunderland	ESPN (Live)

လေဘေးသင့်ရေလုပ်သားများအား ထောက်ပံ့ရန် အလှူငွေပေးအပ်

ရန်ကုန် ဧပြီ ၂

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံဒေသမှ လေဘေးသင့် ရေလုပ်သားများအား ထောက်ပံ့နိုင်ရန်အတွက် အလှူငွေပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ်ရှိ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် သီရိအဏ္ဏဝါခန်းမ၌ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ အထွေထွေအတွင်းရေးမှူး ဦးဌေးဦးနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်နာယက ဦးမောင်မောင်သိမ်း၊ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များနှင့် အလှူရှင်များ တက်ရောက်ကြသည်။

ရှင်းလင်းတင်ပြ

အစီအစဉ်အရ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် ဥက္ကဋ္ဌ ဝဏ္ဏကျော်ထင် ဦးဌေးမြင့်က နှုတ်ခွန်းဆက်စကားပြောကြားပြီး အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးဝင်းကြိုင်က လေဘေးသင့်ရေလုပ်သားများ၏ အခြေအနေနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ အထွေထွေအတွင်းရေးမှူး ဦးဌေးဦးက ဖွံ့ဖြိုးရေးပါတီ၏ လှူဒါန်းငွေကျပ်သိန်း ၅၀၀ အပါအဝင် အလှူရှင် ၇၈ ဦးတို့က စုစုပေါင်း ငွေကျပ် ၁၀၈၉၉၂၀၀ ကို မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် နာယက ဦးမောင်မောင်သိမ်းနှင့် တာဝန်ရှိသူ

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ အထွေထွေ အတွင်းရေးမှူး ဦးဌေးဦး မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် နာယက ဦးမောင်မောင်သိမ်းထံ ဧရာဝတီတိုင်းဒေသကြီး ဖျာပုံဒေသမှ လေဘေးသင့် ရေလုပ်သားများအတွက် ငွေကျပ် သိန်း ၅၀၀ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

လှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ပေးအပ်လှူဒါန်း

ထို့နောက် လေဘေးသင့် ရေလုပ်သားများအား ထောက်ပံ့နိုင်ရန် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ အထွေထွေအတွင်းရေးမှူး ဦးဌေးဦးက ... များထံ ပေးအပ်လှူဒါန်းကြသည်။ ယင်းနောက် မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်နာယက ဦးမောင်မောင်သိမ်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ရှင်းလင်းတင်ပြ

မြစ်ကြီးနားမြို့နယ် ဝန်ဒန်လမ်း ကတ္တရာခင်းခြင်းကို မတ် ၂၁ ရက်က ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးစိုးနိုင် လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

တာလေလျှောင်ဘေး ကယ်ဆယ်ရေး အလှူငွေနှင့်ပစ္စည်းများ ပေးအပ်လှူဒါန်း

ရန်ကုန် ဧပြီ ၂

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် တာလေမြို့နယ်ရှိ ငလျင်ဒဏ်သင့် ပြည်သူများအတွက် Tiens Meljing International Charity Foundations (Tiens Groups) မှ အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၇ နာရီခွဲတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် အလုံလမ်းရှိ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။ အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေက ငလျင်ဒဏ်သင့်ပြည်သူများအတွက် Tiens Meljing International Charity Foundations မှ အာရှပစိဖိတ်ဒေသ ဒုတိယဥက္ကဋ္ဌ မစ္စတာလီလင်းနှင့် အထွေထွေမန်နေဂျာ(မြန်မာနိုင်ငံ) မစ္စတာကျန်စုရီတို့က လှူဒါန်းသော အလှူငွေကျပ် သိန်း ၂၀၀ကို လက်ခံပြီး**(အပေါ်ပုံ)** ဂုဏ်ပြုမှတ်တမ်းလွှာကို ပြန်လည်ပေးအပ်သည်။

အဆိုပါ အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးများဖြစ်ကြသော လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးတင်ဝင်း၊ လူမှုဝန်ထမ်းနှင့် ဟိုတယ်ခရီးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာမြင့်သိန်းနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရှင်းလင်းတင်ပြ

သရက်ချောင်းမြို့နယ် လွှတ်လပ်ရေး ကျောက်တိုင်ဝင်း ပန်းခြံအဝင်လမ်းရှိ ကွန်ကရစ်တံတားတည်ဆောက်ထားရှိမှုကို မတ် ၂၅ ရက်က မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ခေါင်နှင့်အဖွဲ့ ကွင်းဆင်းစစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့် တာဝန်ခံအင်ဂျင်နီယာတို့ ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

ဟိုတယ်လုပ်ငန်းဆိုင်ရာ စီမံခန့်ခွဲမှုသင်တန်းဖွင့်မည်

ရန်ကုန် ဧပြီ ၂

နိုင်ငံတကာအဆင့် Hotel, Restaurant နှင့် Hospitality လုပ်ငန်းများတွင် Management Level နှင့် ဝင်ရောက်လုပ်ကိုင်မည့်သူများ၊ ကိုယ်ပိုင်ဟိုတယ်၊ Restaurant နှင့် Coffee Shop များ၌ စီမံအုပ်ချုပ်လိုသူများအတွက် ရည်ရွယ်၍ International Hospitality Management Course သင်တန်း အပတ်စဉ်အသစ်နှင့် နိုင်ငံတကာရှိ Hotel များ၊ Restaurant များနှင့် အပျော်စီးသင်္ဘောလိုင်းများတွင် တာဝန်ထမ်းဆောင်ချင်သူများအတွက် Hospitality Operation & Service Course သင်တန်းအပတ်စဉ် အသစ်ကို ဧပြီလ ပထမပတ်အတွင်း Star Resources Hospitality Management Academy တွင် ဖွင့်လှစ်ပေးမည်ဖြစ်သည်။

(1) Leadership & People Management, (2) Human Re sources Management, (3) Sale & Marketing Management, (4) Front Office Management, (5) Food & Beverage Management, (6) Housekeeping Management စသည့် ဘာသာရပ်များကို သင်ကြားပေးမည်ဖြစ်ပြီး သင်တန်းကာလမှာ ငါးလကြာမြင့်မည်ဖြစ်သည်။ Hospitality Operation & Service Course သင်တန်းကာလမှာ သုံးလကြာမြင့်မည် ဖြစ်သည်။ သင်တန်းတက်နေစဉ်အတွင်း လုပ်ငန်းအတွေ့အကြုံများ ရရှိစေရန် Local ဟိုတယ်ကြီးများသို့ On Job Training (OJT) အနေဖြင့် တာဝန်ထမ်းဆောင်နိုင်သော အခွင့်အလမ်းများ ရရှိမည်ဖြစ်သည်။

စိတ်ပါဝင်စားသူများ အနေဖြင့် Star Resources Hospitality Management Academy တိုက် ၂၆၇ အခန်း-၃၀၂ ပြည်လမ်း မြေနီကုန်း စမ်းချောင်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၅၂၃၆၂၃ နှင့် ၅၂၃၂၀၀ တို့သို့ ဆက်သွယ်စုံစမ်း၍ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။**(သတင်းစဉ်)**

မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်

အင်္ဂပူမြို့နယ် မြို့မဈေးအတွင်း မီးဘေးလုံခြုံရေးနှင့် ကြိုတင်ကာကွယ်ရေးအတွက် ရေပိုက်လိုင်းသွယ်တန်းမှု၊ သရုပ်ပြလေ့ကျင့်မှုကို ဧရာဝတီတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်မင်းနိုင်နှင့်ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးစိုးသန်းတို့ မတ် ၂၈ ရက်က ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးခင်မောင်ဦး ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ကျောက်ကြီးမြို့နယ် မြို့မဈေးမီးဘေးလုံခြုံရေး သရုပ်ပြလေ့ကျင့်ခြင်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဈေးသူဈေးသားများ မတ် ၃၀ ရက်က ဆောင်ရွက်ရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်ခိုင်၊ အမှုဆောင်အရာရှိ ဦးကျော်စွာလင်း၊ တာဝန်ခံအင်ဂျင်နီယာ ဦးမျိုးမြတ်စိုး၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးစောနောင်၊ မြို့နယ်အရန်မီးသတ်တပ်ဖွဲ့တပ်ရင်းမှူး ဦးကျင်ထွေးတို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

ရေတာရှည်မြို့နယ် အမှတ် (၆၁)သစ်စက် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် သရုပ်ပြလေ့ကျင့်မှုကို မတ် ၂၄ ရက်က ကျင်းပရာ ပဲခူးတိုင်းဒေသကြီး(ပြည်တွင်း/ရောင်းစက်)ဌာန တောင်ငူဒေသမန်နေဂျာဦးလှဌေး၊ ပဲခူးတိုင်းဒေသကြီး တာဝန်ခံအင်ဂျင်နီယာဦးကျော်တင့်၊ စက်ရုံမှူး ဦးမြတ်စိုး၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးကြည်ထွန်းတို့ ကြီးကြပ်၍ မြို့နယ်အရန်မီးသတ်တပ်ဖွဲ့နှင့် စက်ရုံဝန်ထမ်းများ ပူးပေါင်းဆောင်ရွက်ကြစဉ်။ (မြို့နယ် ပြန်/ဆက်)

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် ကြံခင်းမြို့နယ် မြန်မာ့သစ်လုပ်ငန်း(ပြည်တွင်း/ရောင်းစက်)ဌာန အမှတ် (၁၁၆)သစ်စက် မီးဘေးကြိုတင်ကာကွယ်တားဆီးနိုင်ရေးအတွက် မတ် ၃ ရက်က စက်ရုံမှူး ဦးသန်းထွန်း ဦးဆောင်၍ စက်ရုံဝန်ထမ်းများ၊ မြို့နယ်မီးသတ်ဦးစီးဌာနဦးစီးမှူး ဦးကြည်ဝင်းနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ သရုပ်ပြလေ့ကျင့်မှုကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးသန်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ် ပြန်/ဆက်)

တိုက်ကြီးမြို့နယ် ဥက္ကံဈေးမီးဘေး ကြိုတင်ကာကွယ်ရေးအတွက် မီးငြိမ်းသတ်ခြင်းလေ့ကျင့်မှုကို မတ် ၁၉ ရက်က စည်ပင်ဝန်ထမ်းများနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်းဆောင်ရွက်ရာ စခန်းမှူး ရဲအုပ်ဗျတ်ဆန်းနှင့်ရုံခွဲတာဝန်ခံဦးစီးအရာရှိ ဦးထိန်လင်းတို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

မြန်မာ့အလင်း အားကစားဖောင်ပိတ်သတင်း

တိုက်စစ်မှူး ရွှန်နေ၏ ဟက်ထရစ်ဂိုးဖြင့် မန်ယူ အမှတ်ပေးဇယား ဆက်လက်ဦးဆောင်

မြင့်မောင်စိုး ➤➤➤➤➤ ရေးသားသည်

လန်ဒန် ဧပြီ ၂

ပရီမီယာလိဂ်ပွဲစဉ်(၃၁)ဘောလုံးပြိုင်ပွဲများကို ဧပြီ ၂ ရက် ညပိုင်းက ယှဉ်ပြိုင်ကစားရာ အမှတ်ပေးဇယားထိပ်ဆုံးရောက် မန်ယူတို့ ဝက်စ်ဟမ်းအိမ်ကွင်း၌ ပထမပိုင်းတွင် နှစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနေရာမှ ဒုတိယပိုင်းတန်ပြန်တိုက်စစ် ကစားနိုင်၍ ပြန်လည် အနိုင်ကစားနိုင်ခဲ့သည်။

ဝက်စ်ဟမ်းတို့ပွဲစပြီး ၁၁ မိနစ်အကြာ အီဗရာ၏ လက်ထိဘောကြောင့် ပယ်နယ်တီကန်ခွင့်ရသွားသည်။ ယင်းပယ်နယ်တီကို မတ်(ခ်) နိုဗယ်က သွင်းယူခဲ့သည်။ ပွဲချိန် ၂၅ မိနစ်မှာတော့ မန်ယူနောက်တန်းကစားသမားဗီဒစ်က ဝက်စ်ဟမ်းကစားသမား ကာတန်ကိုးလ်အားကြမ်းတမ်းစွာ ကစားခဲ့၍ ဒိုင်လူကြီးက ဝက်စ်ဟမ်းကို ဒုတိယအကြိမ်ပယ်နယ်တီပေးလိုက်ပြန်ရာ မတ်(ခ်) နိုဗယ်ကပင် ကန်သွင်းယူခဲ့ခြင်း ဖြစ်သည်။

ဝက်စ်ဟမ်းအသင်းသည် ယင်းအနိုင်ဂိုး နှစ်ဂိုးဖြင့် မန်ယူကို အနိုင်ကစားရန် ကြိုးစားခဲ့သည်။ သို့သော် ခြေစွမ်းအသာရနေသည့် မန်ယူတိုက်စစ်မှူးများက ဝက်စ်ဟမ်း နောက်တန်းကို တရစပ်ထိုးဖောက် တိုက်စစ်ဆင်ကစားခဲ့ရာ ပွဲချိန် ၆၅ မိနစ်နှင့် ၇၃ မိနစ်တို့တွင် မန်ယူတိုက်စစ်မှူး ရွှန်နေက ဆက်တိုက် ချေပဂိုးများ သွင်းယူခဲ့သည်။ ပွဲချိန် ၇၉ မိနစ်တွင် ရွှန်နေကပင် မန်ယူအတွက် တတိယဂိုးကို ပယ်နယ်တီမှတစ်ဆင့် သွင်းယူလိုက်သဖြင့် ရွှန်နေ ဟက်ထရစ်ရသွားသည်။ ပွဲပြီးရန်မိနစ်အနည်းငယ် အလိုတွင် ဟာနန်ဒက်ဇ်က မန်ယူအတွက် စတုတ္ထပွဲသိမ်းအနိုင်ဂိုးကို သွင်းယူခဲ့ကာ မန်ယူတို့ လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ မန်ယူတို့ ယင်းအနိုင်ပွဲအပြီး ရမှတ် ၆၆ မှတ်ဖြင့် အမှတ်ပေးဇယားကို ဆက်လက်ဦးဆောင်နေသည်။

အခြားပွဲများအဖြစ် ဘာမင်ဂမ်အသင်းက အိမ်ကွင်း၌ ဘော်လ်တန်နှင့် ကစားရာတွင် နှစ်ဂိုး-တစ်ဂိုး ဖြင့် အနိုင်ရလိုက်သည်။ အဲဗာတန်နှင့် အက်စ်တွန်ဗီလာတို့ ကစားရာတွင် တစ်ဖက်နှစ်ဂိုးစီ အပြန်အလှန် သွင်းယူခဲ့ကြပြီး တစ်မှတ်စီခွဲဝေယူခဲ့ကြသည်။

အိမ်ကွင်းတွင် နယူးကာဆယ်က ဝူဗာဟမ်တန်အသင်းကို လေးဂိုး-တစ်ဂိုးဖြင့် ပြတ်ပြတ်သားသား အနိုင်ယူလိုက်သည်။ နာမည်ကြီးချယ်လ်ဆီးတို့ စတုတ်အိမ်ကွင်း၌ အကြိတ်အနယ် ကစားသော်လည်း တစ်ဖက်တစ်ဂိုးစီဖြင့် သရေကျခဲ့သည်။ ပွဲပြီးခါနီးတွင် လီဗာပူးတို့ ပယ်နယ်တီအပေးခံလိုက်ရ၍ ဝက်စ်ဘရွန်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ရသည်။ ဝီဂန်နှင့်စပါးတို့ပွဲတွင်မူ ဂိုးမရှိသရေကျပြီး ပွဲသိမ်းသွားသည်။

အာဆင်နယ်နှင့် ဘလက်ဘန်းတို့ပွဲတွင် ဂိုးမရှိ သရေဖြစ်ကာ အိမ်ရှင် အာဆင်နယ်တို့ ရမှတ် တစ်မှတ်ဖြင့် ကျေနပ်ခဲ့ရသည်။ **(အင်တာနက်)**

မန်ယူအတွက် အဖွင့်ဂိုးကို တိုက်စစ်မှူး ရွှန်နေက ဤသို့ အလွတ်တည်ကန်ဘောမှတစ်ဆင့် သွင်းယူခဲ့သည်။

(အင်တာနက်ဓာတ်ပုံ)

တာလေမြို့နယ် ငလျင်ဒဏ်သင့်ဒေသခံပြည်သူများအား ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေး

နေပြည်တော် ဧပြီ ၂

တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သန်းထွန်းဦးသည် မတ် ၂၈ရက်တွင် တာလေမြို့နယ် နားယောင်းကျေးရွာ ကယ်ဆယ်ရေးစခန်း၌ ဖွင့်လှစ်ထားရှိသော ယာယီဆေးပေးခန်း၌ ငလျင်ဒဏ်ကြောင့် ထိခိုက်ဒဏ်ရာရရှိသူများ တက်ရောက်ကုသနေမှုများကို လိုက်လံကြည့်ရှုကာ လူနာများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးသည်။

ထို့နောက် နားယောင်းကျေးရွာ ငလျင်ဒဏ်သင့်ဒေသခံပြည်သူများနှင့် လူနာများအတွက် အာဟာရဖြည့်စားသောက်ဖွယ်ရာများ၊ စောင်များ၊ အိုးခွက်၊ ပန်းကန်များနှင့် သောက်ရေသန့်ဘူးများကို ထောက်ပံ့ပေးအပ်သည်။

အားပေးစကားပြော

ဆက်လက်၍ တာလေမြို့နယ်အတွက် သောက်သုံးရေပေးဝေနေမှု၊ မိုင်းလင်းကျေးရွာ ငလျင်ဒဏ်သင့် ဒေသခံပြည်သူများအတွက် ထမင်း၊ ဟင်းများ ချက်ပြုတ်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး မိုင်းလင်းကျေးရွာ ယာယီဆေးပေးခန်း၌ တက်ရောက်ကုသလျက်ရှိသော ဒေသခံပြည်သူများအား အားပေးစကားပြောကြားကာ စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် တိုင်းမှူးသည် တာလေမြို့၌ ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးခဲ့သော လူနေအိမ်များ၊ အဆောက်အအုံများ၊ လမ်းများကို စက်ယန္တရားကြီးများဖြင့် ပြုပြင်ရှင်းလင်းဆောင်ရွက်နေမှုတို့ကို လိုက်လံကြည့်ရှု စစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အိမ်တွင်းမှုသက်မွေးလုပ်ငန်း သင်တန်းဆင်းပွဲကျင်းပ

ရန်ကုန် ဧပြီ ၂

ဗဟန်းမြို့နယ် အမှတ် ၁၃၅ ဓမ္မစေတီလမ်းရှိ အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်း၏ အမှတ်စဉ် (၂/၂၀၁၁) သင်တန်းဆင်းပွဲကို မတ် ၃၁ ရက် နံနက် ၉ နာရီခွဲက အဆိုပါ ကျောင်းခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး လူမှုဝန်ထမ်း ဦးစီးဌာန တိုင်းဦးစီးမှူးဒုတိယညွှန်ကြားရေးမှူး ဦးတင်ဇော်မိုး အမှာစကား ပြောကြားသည်။ **(အပေါ်ပုံ)**

နွေရာသီ (ဧပြီ) အထူးသင်တန်းကို ဧပြီ ၁ ရက်တွင် စတင်ဖွင့်လှစ်လျက်ရှိပြီး မိန်းမဝတ်၊ ကလေးဝတ်၊ ကျားရှပ်၊ ဇာထိုးပန်းထိုး၊ ဘောင်းဘီ၊ ကုတ်အင်္ကျီ၊ သိုးမွေး၊ စင်တီမီတာ (စက်ချုပ်)၊ မုန့်မျိုးစုံ၊ သီးယို/ဆီစိမ်၊ မြန်မာအစားအစာ၊ တရုတ်အစားအစာ၊ ပန်းအလှပြင်၊ သစ်သီးအလှပြင်၊ ပန်းပွင့်ပန်းခိုင်ပြုလုပ်နည်း၊ စက်ကလေးပန်းထိုး၊ စက်ကြီးပန်းထိုး သင်တန်းများ သင်ကြားကာ အမှတ်စဉ်(၃/၂၀၁၁)သင်တန်းကို မေ ၂ ရက်တွင် ပြန်လည် ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရှိရသည်။

(အိမ်တွင်းသက်မွေးမှုကျောင်း)

မြဝတီရုပ်မြင်သံကြား

၃-၄-၂၀၁၁ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
- ၇:၀၄ ၃။ နိုင်ငံတော်သီချင်း
- ၇:၀၅ ၄။ တရားတော်
- ၇:၁၅ ၅။ ဓမ္မပူဇာတေး
- ၇:၂၀ ၆။ မျိုးချစ်တပ်မတော်
- ၇:၂၅ ၇။ မြန်မာ့ရှုခင်း
- ၇:၃၀ ၈။ မြန်မာသံစဉ် ချိုနားဝင်
- ၇:၄၀ ၉။ ခါသင်္ကြန်အဆိုအကများ
- ၈:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

- ၁၁:၀၀ ၁။ မြဝတီအဖွင့်
- ၁၁:၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
- ၁၁:၀၄ ၃။ နိုင်ငံတော်သီချင်း
- ၁၁:၀၅ ၄။ အဖွင့်သီချင်း
- ၁၁:၁၀ ၅။ မျိုးချစ်တပ်မတော်
- ၁၁:၂၀ ၆။ ကာတွန်းအစီအစဉ် **ချစ်မိတ်ဆွေဗလကြီး** (အပိုင်း-၄၄)
- ၁၁:၄၀ ၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **အဖြူရောင်မြစ်တစ်စင်းရဲ့ လျှို့ဝှက်ချက်**
- ၁၂:၃၀ ၈။ ကျန်းမာသုတ
- ၁၂:၄၀ ၉။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ချစ်မျက်ရည်လေးပြယ်ပါစေ** (အပိုင်း-၅၅)

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
- ၄:၀၄ ၃။ နိုင်ငံတော်သီချင်း
- ၄:၀၅ ၄။ အဖွင့်သီချင်း
- ၄:၁၀ ၅။ မျိုးချစ်တပ်မတော်
- ၄:၁၅ ၆။ မြန်မာသံစဉ်ချိုနားဝင်
- ၄:၂၀ ၇။ အမျိုးသားရေးတေးကဗျာ
- ၄:၃၀ ၈။ သီဆိုဖြေဖျော်တစ်ကိုယ်တော်
- ၄:၄၀ ၉။ မြန်မာ့ရှုခင်း
- ၄:၅၀ ၁၀။ အားလုံးရဲ့တာဝန်
- ၅:၁၅ ၁၁။ ခါသင်္ကြန်အဆိုအကများ
- ၅:၃၀ ၁၂။ ဒီဇိုင်နာတို့ရဲ့ ဒီဇိုင်း
- ၆:၀၀ ၁၃။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၂၀ ၁၄။ အမျိုးသားရေးတေးကဗျာ
- ၆:၃၀ ၁၅။ ဘဝကြေးမုံ
- ၆:၅၀ ၁၆။ ဂင်းနက်စ်ကမ္ဘာ့စံချိန်တင် ပြိုင်ပွဲများ
- ၇:၀၀ ၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရတနာစံအိမ်** (အပိုင်း-၈)
- ၈:၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၉။ အမျိုးသားရေးတေးကဗျာ
- ၂၀။ နိုင်ငံတကာသတင်း
- ၂၁။ မိုးလေဝသသတင်း
- ၂၂။ ပဟေဠိနန်းတော်
- ၂၃။ ကျန်းမာသုတ
- ၂၄။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရင်၌တည်သောသစ္စာ** (အပိုင်း-၁၉)
- ၂၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **အိမ်အပြန်လမ်း** (အပိုင်း-၄၂)

ဆုချီးမြှင့်

မြားပစ်နည်းပြနှင့် ဒိုင်လူကြီးသင်တန်း (၁/၂၀၁၁) ဆုပေးပွဲကို မတ် ၂၉ ရက်က ကျိုက္ကဆံ အမှတ်(၅)ဂိတ်ရှိ မြားပစ်အဖွဲ့ချုပ်၌ ကျင်းပရာ အခမ်းအနားတွင် မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ် အထွေထွေ အတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ဦးက ထူးချွန်ပထမဆုရ ဦးတင်မျိုးအောင်အား ဆုချီးမြှင့်စဉ်။

(မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ်)



ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာဟောပြောပွဲကို မတ်၂၆ ရက်က လှည်းကူးမြို့နယ်၌ ကျင်းပရာ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာန ရန်ကုန်မြောက်ပိုင်းခရိုင်ရုံးမှ ခရိုင်ဦးစီးမှူး ဦးမောင်မောင်ဆွေ ဆွေးနွေးဟောပြောစဉ်။ (ခရိုင် ကညန)

SPSS Software Application သင်တန်းဖွင့်မည်

ရန်ကုန် ဧပြီ ၂

စီးပွားရေးဈေးကွက် ပညာရပ်၊ ကုန်ပစ္စည်းထုတ်လုပ်မှု နယ်ပယ်၊ လူမှုရေးသိပ္ပံ ပညာ၊ ဆေးသိပ္ပံပညာ နယ်ပယ်၌ အသုံးချသော Statistical Package for Social Sciences (SPSS) အသုံးချနည်း သင်တန်းကို ဧပြီ ၂၄ ရက်(Batch 1) နှင့် မေ ၂၁ ရက် (Batch 2) တို့တွင် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် ရန်ကုန်မြို့၌ ဖွင့်လှစ်သင်ကြားမည်ဖြစ်သည်။

အထူးဖွင့်လှစ်

အဆိုပါ သင်တန်းကို Curtin University မှ Rajalingam .S (Senior Lecture, School of Engineering and Science) က စာတွေ့လက်တွေ့ သင်ကြားပေးမည်ဖြစ်ပြီး သင်တန်းပြီးဆုံးပါက Curtin University မှ ချီးမြှင့်သော သင်တန်းဆင်းလက်မှတ် ရရှိမည်ဖြစ်သည်။ ထိုသင်တန်းသည် အစိုးရဌာနဆိုင်ရာ အဖွဲ့အစည်းများအပါအဝင် လူမှုအထောက်အကူပြု Project Leader များ၊ Project Coordinator များ၊ ကျန်းမာရေး၊ ပညာရေးဆိုင်ရာ စာရင်းအင်း ပြုစုသူများအတွက် အထူးဖွင့်လှစ်သော သင်တန်းဖြစ်သည်။

ဆက်သွယ်နိုင်

အစိုးရဝန်ကြီးဌာနများ၊တက္ကသိုလ်၊ ကောလိပ်များ၊ သင်တန်းကျောင်းများ၊ ကုမ္ပဏီများ၊ NGO, INGO အဖွဲ့အစည်းများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ SPSS သင်တန်းကို သီးသန့်လာရောက် သင်ကြားပေးစေလိုကလည်း ဆက်သွယ်နိုင်သည်။ အသေးစိတ်သိလိုပါက Noble Management Academy ရုံးဖုန်း-၀၉-၇၃၁၇၅၈၈၁၊ ၀၉-၅၁၆၀၈၀၉၊ ငါးလုပ်ငန်းအဖွဲ့ချုပ်ရုံး ဖုန်း-၅၀၄၂၃၅၊ ၀၉-၅၀၀၂၇၁၇ တို့သို့ ဆက်သွယ်စုံစမ်း မေးမြန်းနိုင်သည်။ သင်တန်းအပတ်စဉ်တစ်ခုတွင် သင်တန်းသားဦးရေ ၂၀သာ လက်ခံသင်ကြားပေးမည်ဖြစ်ပြီး ဧပြီလ ပထမပတ်တွင် နောက်ဆုံးထားပြီး မှတ်ပုံတင်ရမည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

TV Guide ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဧပြီ ၂

သင်္ကြန်ရုံးပိတ်ရက်များရှိသည့်အတွက် ဧပြီ ၁ ရက်နေ့ထုတ် TV Guide အတွဲ (၂)၊ အမှတ် (၂၃) တွင် ဧပြီလတစ်လစာ အချိန်ဇယားများကို ထည့်သွင်းဖော်ပြထားပါသည်။ စာမျက်နှာများ တိုးမြှင့်ထားသော်လည်း ဈေးနှုန်းပြောင်းလဲထားခြင်းမရှိဘဲ ယခင်ရောင်းဈေး ၅၀၀ ကျပ်အတိုင်း ရောင်းချပေးမည်ဖြစ်သည်။ ယင်း TV Guide စာစောင်ကို မတ် ၃၁ ရက်(ကြာသပတေးနေ့)တွင် စတင်ဖြန့်ချိလိုက်ပြီဖြစ်သည်။ Star Movies ရုပ်သံ လိုင်း၌ ကြည့်ရှုရမည့် The Men Who Star At Goats, Retroactive, Vampires: Los Muertos, The Ghost Writer, Last Action Hero, Barber Shop 2; Back In Business, Brooklyn' s Finesst, Road House, The Hunt For Eagle One, Pope Joan, Deadly Impact, Black Death, Prince of Persia, Cabin Fever 2, Youth In Revolt, Madison, The Rebound စသည့် စိတ်ဝင်စားဖွယ် ရုပ်ရှင်ဇာတ်ကားကောင်းများ၊ Nat Geo Wild ရုပ်သံလိုင်းတွင် ကြည့်ရှုရမည့် Big Fish Festival, Squid Vs Whale, Monster Jellyfish, Blue Collar Dogs, Extraordinary Dogs စသည့် အစီအစဉ်များ၊ ESPN နှင့် Star Sports ရုပ်သံလိုင်းတွင် တိုက်ရိုက်ပြသမည့် Barclays Premier League ပွဲစဉ်များ၏ ပွဲကြိုသုံးသပ်ချက်များ၊ ရုပ်သံလိုင်းအားလုံး၏ ဧပြီ ၁ ရက်မှ ၃၀ ရက်အထိ အစီအစဉ်များအပြင် မြဝတီရုပ်သံလိုင်း၏ ဧပြီ ၁ ရက်မှ ၃၀ ရက်အထိ အစီအစဉ်များပါဝင်သည်။ မေ ၁ ရက်နေ့ထုတ် TV Guide စာစောင်မှ စတင်၍ ပုံမှန်အတိုင်း ၁၅ ရက် တစ်ကြိမ် ပြန်လည်ထုတ်ဝေသွားမည်ဖြစ်သည်။

TV Guide စာစောင်ကို TV Guide Distribution Network ဖုန်း-၀၉-၇၃၀၆၀၃၁၅ မှ တစ်နိုင်ငံလုံးသို့ ဖြန့်ချိလိုက်ပြီဖြစ်သည်။ Door To Door မှာယူလိုသူများသည် Novel Light Express (09-5080850, 391186) သို့ မှာယူနိုင်သည်ဟု သိရသည်။ **(သတင်းစဉ်)**

မတ် ၂၈ ရက်က ပဲခူးမြို့ အထက(၃)၌ကျင်းပသော အခြေခံပညာ မူလတန်း၊ အလယ်တန်း၊ အထက်တန်းအဆင့် သင်ယူပြီးမြောက်ခြင်း လက်မှတ်ချီးမြှင့်ပွဲတွင် မူလတန်းအဆင့်ကျောင်းသူတစ်ဦးအား ကျောင်းအုပ်ဆရာမကြီး ဒေါက်တာဒေါ်ဇင်သက်ဦးက သင်ယူပြီးမြောက်မှုလက်မှတ် ချီးမြှင့်စဉ်။ (ခရိုင် ပြန်/ဆက်)

ဖွင့်လှစ်ပေး

သုံးခွမြို့နယ် အမှတ်(၂) ရပ်ကွက် တိုးချဲ့ရေပိုက်လိုင်းသစ် ဖွင့်ပွဲကို မတ် ၂၆ ရက်က ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်သောင်းနှင့် အမှုဆောင်အရာရှိ ဦးတင်အောင်သန်းတို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။

(မြို့နယ်စည်ပင်)

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်း ပဋ္ဌမအကြိမ် ထွန်းဖောင်ဒေးရှင်း (၂၀၁၀) စာပေဆုချီးမြှင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နိုင်ငံတော်အနေဖြင့် စာပေဖွံ့ဖြိုးတိုးတက်ရေး အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆုများ ချီးမြှင့်ပေးလျက်ရှိ စာပေဆုများချီးမြှင့်ပေးခြင်းသည် နိုင်ငံတော်၏ အမျိုးသားရေးတာဝန်ကို ဖြည့်ဆည်းဆောင်ရွက်ပေးခြင်းဖြစ်

မြန်မာ့ယဉ်ကျေးမှုနှင့်စပ်လျဉ်းသည့် အမွေအနှစ်များ နိုင်ငံတကာသို့ ဖော်ထုတ်ပြသနိုင်ရေးကြိုးပမ်းဆောင်ရွက်

ရန်ကုန် ဧပြီ ၂

ပဋ္ဌမအကြိမ် ထွန်းဖောင်ဒေးရှင်း (၂၀၁၀) စာပေဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့ ညနေ ၃ နာရီတွင် ရန်ကုန်မြို့ ရန်ကင်းမြို့နယ် စည်ပင်လမ်းသစ်ရှိ မြန်မာနိုင်ငံဘဏ်များအသင်းအဆောက်အအုံ ဇမ္ဗူရစ်ရွှေစင်ခန်းမ၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်းနှင့် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေတို့ တက်ရောက်အားပေးချီးမြှင့်ပြီး ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

တက်ရောက်

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ယဉ်ကျေးမှုနှင့် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါ်စန်းစန်းနွယ်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့၊ မြန်မာနိုင်ငံသဘင်ပညာရှင်များ အစည်းအရုံးနှင့် မြန်မာနိုင်ငံ ပုံနှိပ်ထုတ်ဝေသူများအသင်းတို့မှ ဥက္ကဋ္ဌများနှင့် အမှုဆောင်အဖွဲ့ဝင်များ၊ ထွန်းဖောင်ဒေးရှင်းဘဏ် ဥက္ကဋ္ဌနှင့် စာပေဆုကော်မတီဝင်များ၊ စာပေဆုရွေးချယ်ရေးကော်မတီဝင်များ၊ ဆရာဝန်တင်ရွှေစာပေဆုနှင့် သုတစွယ်စုံစာပေဆု အဖွဲ့ဝင်များ၊ စာပေဆုရှင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ ◆